# ကြေးမုံ

## The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 28 July 2022 ၁၀၈၁၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပွင့်ဖြူမြို့နယ်၌ မိုးစပါးလျာထားကေပြည့်မီရေး ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး ၁၅၄၉၁ ကေ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇူလိုင် ၂၇

**မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် မိုးသီးနှံလျာထားကေ ပြည့်မီစေရေးအတွက် ဇွန်လနောက်ဆုံးပတ်မှစပြီး စတင်စိုက်ပျိုးခဲ့ရာ ဇူလိုင် ၂၆ ရက်အထိ မိုးစပါးသီးနှံ ၁၅၄၉၁ ကေ စိုက်ပျိုးဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။**



ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၂-၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရေးအတွက် မိုးစပါးသီးနှံကေ ၆၉၀၉၄ ကေ လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး ဒေသခံတောင်သူများအား မိုးစပါးနှင့် အခြားမိုးသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဇွန် ၁၅ ရက်မှစတင်၍ မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ ရေဖြန့်ဝေပေးလျက်ရှိသည်။

### မိုးစပါးသီးနှံ ၁၅၄၉၁ ကေ စိုက်ပျိုးပြီးစီး

ထိုသို့ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မိုးစပါးနှင့် အခြားမိုးသီးနှံ စိုက်ပျိုးရန်အတွက် စနစ်တကျ စိုက်ပျိုးရေဖြန့်ဝေပေးသဖြင့် ဒေသခံတောင်သူများက ဒေသတွင်း ဆန်စပါးစားနပ်ရိက္ခာဖူလုံစေရေးအတွက် သတ်မှတ်မိုးစပါးလျာထားကေပြည့်မီစေရန် မိမိတို့၏ လယ်ယာမြေများကို ထယ်ရေးညက်အောင် ထွန်ယက်ကာ မိုးစပါးသီးနှံများကို

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**


**ယနေ့ ဖတ်စရာ**



**အကြမ်းဖက်မှုနှင့် တော်လှန်ရေး**

ဆောင်းပါး စာမျက်နှာ » ၆

**လက်ရုံးရည် နှလုံးရည်**

ဆောင်းပါး စာမျက်နှာ » ၈

**အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများ**

ဆောင်းပါး စာမျက်နှာ » ၁၀

**ရီဝေမျက်ဝန်းနှစ်စုံ**

စာမျက်နှာ » ၂၁


## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၂၇

| | |
|---|---|
| ခန္တီး | ၂ ဒသမ ၈၄ လက်မ |
| ပူတာအို | ၁ ဒသမ ၇၃ လက်မ |
| ကျိုက်လတ် | ၁ ဒသမ ၅၀ လက်မ |
| ဇလွန် | ၁ ဒသမ ၄၂ လက်မ |
| မြောင်းမြ | ၁ ဒသမ ၃၈ လက်မ |
| ဘိုကလေး | ၁ ဒသမ ၂၈ လက်မ |
| နေပြည်တော် | ၁ ဒသမ ၂၂ လက်မ |
| မော်လမြိုင်ကျွန်း | ၁ ဒသမ ၁၈ လက်မ |
| ငါန်းဇွန် | ၁ ဒသမ ၀၂ လက်မ |

# ပြည်သူများ ကျန်းမာရေး သတိပြုဆင်ခြင်နေထိုင်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကူးစက်မှုကို နိုင်ငံတကာ စိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအခြေအနေအဖြစ် ဇူလိုင်လ ၂၃ ရက်နေ့က အသိပေးကြေညာခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအား ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ပိုလီယိုရောဂါနှင့် ကိုဗစ်-၁၉ ရောဂါတို့ကို ထိန်းချုပ်ကာကွယ်တိုက်ဖျက်ရေးကိစ္စများတွင် အသိပေးကြေညာခဲ့သည်။

အာဖရိကတိုက်မှ ဥရောပတိုက်သို့ စတင်ကူးစက်ပျံ့နှံ့လာသော မျောက်ကျောက်ရောဂါသည် ဆေးဘက်ဆိုင်ရာပညာရှင်များ ခန့်မှန်းထားသည့် အခြေအနေမှ ကျော်လွန်ကာ ပုံစံသစ်ဖြင့်ဖွံ့စည်းပြီး ကမ္ဘာ့နိုင်ငံအများအပြားသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။ ယခုအခါ မျောက်ကျောက်ရောဂါ သယ်ဆောင်လာသူတစ်ဦးသည် မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံတွင် တွေ့ရှိရခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိပေးထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံတွင်လည်း သတိပြုရမည့်အခြေအနေဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားသည့် မျောက်ကျောက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေပြီဖြစ်သည်။ မျောက်ကျောက်ရောဂါသည် ယခင်က ဖြစ်ပွားခြင်းမရှိသော နိုင်ငံများတွင် ဖြစ်ပွားလာ၍ သတိပြုရမည့်အခြေအနေဖြစ်သည်။ ရောဂါဖြစ်ပွားမှု ဆန်းစစ်ချက်အရ မြန်မာနိုင်ငံတွင် အဆိုပါရောဂါဖြစ်ပွားခြင်းမရှိသေးသော်လည်း ပြည်ပနိုင်ငံများမှတစ်ဆင့် ဝင်ရောက်ကူးစက်လာနိုင်မှုကို သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် နယ်စပ်ဒေသများ၌ အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများရှိရာ ယခုအခါ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့တွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူအချို့ကို တွေ့ရှိလာရပြီဖြစ်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးကို ဆောင်ရွက်နေပြီဖြစ်သည်။

မျောက်ကျောက်ရောဂါကို ပြည်သူများအနေဖြင့် ယခုမှကြားသိလာကြခြင်းဖြစ်သည်။ အဆိုပါရောဂါသည် ရှေးကာလက မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့ဖူးသည့် ကျောက်ကြီးရောဂါနှင့် အလားသဏ္ဌာန်တူပြီး ကူးစက်မှုမြန်ဆန်သည့်ရောဂါဖြစ်၍ အမျိုးသားရေးအသွင်ဖြင့် ကာကွယ်တိုက်ဖျက်ခဲ့ကြသည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါသည် ပျောက်ကွယ်သွားခြင်းမရှိသေးဘဲ ပြန်လည်၍ပင် ခေါင်းထောင်လာသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ လျော့ကျနေပြီဖြစ်၍ ထိန်းချုပ်နိုင်သည့် အနေအထားတွင်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါမျိုးကွဲသစ်များ နိုင်ငံများတွင် ထပ်မံတွေ့လာရမှုများကြောင့် ဆက်လက်သတိထားနေကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 နှင့် BA.5 ကူးစက်မှုများသည် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများတွင် ဆက်လက်မြင့်တက် ဖြစ်ပွားလျက်ရှိသည်။ အဆိုပါရောဂါမျိုးဆက်သစ်သည် မူလကိုဗစ်-၁၉ ရောဂါလောက် စိုးရိမ်ဖွယ်ရာမရှိသော်လည်း နောက်ဆက်တွဲကျန်းမာရေးအတွက် စိုးရိမ်မှုမရှိအောင် သတိပြုရမည်ဖြစ်သည်။ ရောဂါမျိုးကွဲသစ်သည် ရောဂါပြင်းထန်မှုနည်းပြီး သေဆုံးမှုမရှိသော်လည်း ကူးစက်မှုနှုန်းမြင့်မားကြောင်းတွေ့ရှိရသဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ မျိုးရိုးဗီဇသစ်ရှာဖွေခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ၌ ရောဂါပိုးတွေ့နှုန်း မြင့်တက်လာသဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရောဂါထိန်းချုပ်ရေးကို အထူးအလေးထားကာ ဆောင်ရွက်ကြမှသာ ပြည်သူလူထု နေ့စဉ်လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို မထိခိုက်စေမည်ဖြစ်သည်။ ယခုအခါတွင် ရာသီတုပ်ကွေးရောဂါနှင့် မျောက်ကျောက်ရောဂါကာကွယ်ရေးနည်းလမ်းများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့် သဘောသဘာဝတူညီသဖြင့် လူတစ်ဦးချင်းလိုက်နာရမည့် ကာကွယ်ရေးစည်းကမ်းများကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ မျောက်ကျောက်ရောဂါသည် အာဖရိကတိုက်၌ စတင်တွေ့ရှိခဲ့ပြီး အထူးသဖြင့် ကျေးလက်ဒေသများတွင် အများဆုံးဖြစ်ပွားခဲ့သည်။ တစ်ခါတစ်ရံတွင် လိင်အင်္ဂါအနာဖြစ်ပွားသူများတွင်လည်း တွေ့ရှိရသဖြင့် ထိုရောဂါသည် လူအချင်းချင်း ထိတွေ့ဆက်ဆံခြင်းမှဖြစ်ပွားလေ့ရှိရာ ကိုဗစ်-၁၉ ရောဂါကဲ့သို့ပင် အကာအကွယ်နည်းလမ်းများကို ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါသည် ဆက်လက်ခေါင်းထောင်နေဆဲဖြစ်ပြီး ကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာသည်။ ယခုအခါတွင် ရောဂါအသစ်အဆန်း မျောက်ကျောက်ရောဂါသည် ကမ္ဘာတစ်ဝန်းတွင် ကူးစက်ပျံ့နှံ့လာပြီဖြစ်၍ ကူးစက်ရောဂါကာကွယ်ရေးအတွက် ပြည်သူများအနေဖြင့် သတ်မှတ်ထားသော ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အထူးအလေးထား ဆက်လက်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဇန်းမောက်မြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်စံပြကွက်စနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲ ပြုလုပ်



ဇန်းမောက် ဇူလိုင် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် နားယကာကျေးရွာရှိ တောင်သူဦးစောအောင်၏လယ်မြေ ကွင်းအမှတ်(၂၉၇) တွင် ယနေ့နံနက် ၈ နာရီက မိုးစပါးမျိုးစေ့ထုတ် စံပြကွက်စိုက်စနစ် မှန်ကန်ရေး ကွင်းသရုပ်ပြပွဲကို ပြုလုပ်သည်။

ဇန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးမျိုးစေ့ထုတ်စံပြကွက် ဧက ၂၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှစတင်ပျိုးထောင်စိုက်ပျိုးခဲ့ရာ မိုးစပါးမျိုးစေ့ထုတ်ကွက် ၃၅ ဧကအထိ ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ မျိုးစေ့ထုတ်ကွက်စိုက်ပျိုးခြင်းဖြင့် ဒေသခံတောင်သူများ စပါးမျိုးကောင်းမျိုးသန့် အလွယ်တကူရရှိနိုင်ပြီး မျိုးကောင်းမျိုးသန့်များ လိုအပ်ချက်မရှိနိုင်ရေးနှင့် ဒေသအတွင်း မျိုးကောင်းမျိုးသန့်များ ပွားများစေရန် ရည်ရွယ်၍ မိုးစပါးမျိုးစေ့ထုတ်ကွက်စိုက်ပျိုးသည့် တောင်သူများအတွက် ဇန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်းအပြင် သဘာဝမြေသြဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ် သုံးစွဲနည်းပညာများ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိသည်။

ကွင်းသရုပ်ပြပွဲသို့ ဇန်းမောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးဟန်စိုး၊ မြို့နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ မျိုးစေ့ထုတ်တောင်သူများနှင့် ကွင်းတာဝန်ခံဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

## သာစည်မြို့နယ် ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

သာစည် ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချမ်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၂၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်လှိုင်ထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ချမ်းသာကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၄၉၆၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၂၈၂ သိန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၉၇ သိန်း စုစုပေါင်းအသင်းသား အသင်းသူ ၁၈၀ ကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၈၆၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၇-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၄၂၈ | ၃,၀၈၂,၉၀၀ |
| MTSH | ၂,၄၅၀ | ၂,၅၅၀ | ၁၃,၆၁၈ | ၃၃,၉၉၃,၈၅၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၃၄၆ | ၆,၁၂၅,၅၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၄၂၆ | ၁,၀၂၂,၄၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁၂၈ | ၃၂၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၇၆.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၃.၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၂၅၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၄.၉၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၁၅၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၅.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၂.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၃.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၀.၆၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပဲခူးမြို့၌ မဲစာရင်းမှန်ကန်ရေးအတွက် စိစစ်ဆောင်ရွက်ရန် လိုအပ်သည့် အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ(၆၆/၆)ပါ အချက်အလက်များကို ကွန်ပျူတာများဖြင့် ဖြည့်သွင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများ၊ ဆက်စပ်ဌာနဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း လုပ်အားပေးလူငယ်များက မဲစာရင်းမှန်ကန်ရေးအတွက် စိစစ်ဆောင်ရွက်ရာတွင် လိုအပ်သည့် မြို့နယ်ရုံးရှိ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ အချက်အလက်များကို ကွန်ပျူတာများဖြင့် ဖြည့်သွင်းကာ နေပြည်တော်ရုံးချုပ်ရှိ Server သို့ အွန်လိုင်းမှ ပေးပို့ဆောင်ရွက်နေမှုကိုကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များသည် မဲစာရင်းမှန်ကန်ရေးအတွက် အဓိကဆောင်ရွက်ခြင်းဖြစ်သော်လည်း ယင်းအချက်အလက်များကို အသုံးပြု၍ မိမိတို့ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် e-ID စနစ်လုပ်ငန်းအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ e-ID စနစ်သည် နိုင်ငံတော်၏ e-Government စနစ် အကောင်အထည်ဖော်ရာတွင် အခြေခံအကျဆုံး လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ယခုအချက်အလက်များသည် အရေးကြီးသည့် အချက်အလက်များဖြစ်သည်ကို သိရှိနားလည်ကြရန် လိုအပ်ပါကြောင်း၊ အချက်အလက်များ မှန်ကန်စွာဖြည့်သွင်းနိုင်ရေးနှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့အတွက် အားလုံးက အလေးထားဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားကာ လုပ်ငန်းဆောင်ရွက်နေသူများကို နှုတ်ဆက်အားပေးသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ် ဦးစီးမှူးရုံးအနေဖြင့် အဆိုပါလုပ်ငန်းများကို ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကွန်ပျူတာအလုံး ၄၀၊ ပဲခူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၅ လုံးနှင့် ဘုရားကြီးမြို့ အုပ်ချုပ်ရေးမှူးရုံးတွင် ငါးလုံး စုစုပေါင်း ကွန်ပျူတာအလုံး ၆၀ ဖြင့် နေ့ဆိုင်းနှင့် ညဆိုင်းအဖွဲ့များ ခွဲကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ကောင်စီနယ်မြေကို စိမ်းလန်းသာယာတင့်တယ်သော ဒေသ Green City ၊ Clean City ၊ Smart City အဖြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အပါအဝင် လယ်ယာကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေပြီး ဒေသနေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




## တက်ရောက်

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေရှိ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများ၊ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လိုသူများကို တည်ဆဲဥပဒေများနှင့်အညီ လွယ်ကူရိုးရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ကူညီပံ့ပိုးပေးရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ စိုက်ပျိုးမြေလုပ်ကိုင်နိုင်သော ရေခံမြေခံအခြေအနေကောင်းများကို အသုံးပြုပြီး ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေတိုးတက်ရေးကို ဦးစားပေးထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကို စိုက်ပျိုးမွေးမြူရေး အခြေခံသည့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးသော ဒေသအဖြစ် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စံပြနယ်မြေဖြစ်စေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

## ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအပေါ် အကျဉ်းချုပ်တင်ပြဆွေးနွေးပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာဌာန ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေရှိ တိုင်းဒေသကြီး၊ ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် တရားလွှတ်တော်၌ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်း

စစ်တွေ ဇူလိုင် ၂၇

တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့ ရခိုင်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

မိတ်ဆက်ရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်မြအေးက တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်၏ အကျိုးရှိပုံများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ရခိုင်ပြည်နယ် တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စောမြတ်နွယ်က တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ စေ့စပ်ဖြေရှင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားရုံး၌ စွဲဆိုပြီးဖြစ်သော တရားမမှုများကို အမှုသည်တို့၏ ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာန၌ အမှုသည်များကိုယ်တိုင်ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေး အရာရှိတစ်ဦးက အမှုသည်များအကြား ကြားဝင်ကူညီဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

## တက်ရောက်

အဆိုပါ မိတ်ဆက်ရှင်းလင်းပွဲသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ၊ ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် တရားလွှတ်တော်ရှေ့နေများ တက်ရောက်ကြပြီး ပြည်နယ်အတွင်းရှိတရားရုံးအဆင့်ဆင့်မှ တရားရေးအရာရှိများကလည်း Virtual စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၇

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ရှောဝတီတိုင်းဒေသကြီး တိုင်းရင်းသားပုံပြပုံပြင်စာအုပ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ



ပုသိမ် ဇူလိုင် ၂၇

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး တိုင်းရင်းသားပုံပြပုံပြင် စာအုပ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁၅) ရပ်ကွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းရင်းသူ တိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးသည် ရှေးယခင်ကပင် တိုင်းရင်းသားလူမျိုးစုံစွာဖြင့် ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်လာခဲ့ကြောင်း၊ တိုင်းရင်းသားတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ကို အားပေးမြှင့်တင်ခြင်းဖြင့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှုတို့ကို ပိုမိုရရှိစေရန် ရည်ရွယ်၍ တိုင်းရင်းသားပုံပြပုံပြင်စာအုပ်များ ဖြန့်ဝေပေးခြင်းဖြစ်ပါကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း ကိုယ်စားလှယ်များသို့ တိုင်းရင်းသားပုံပြပုံပြင်စာအုပ်များ ပေးအပ်ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် တိုင်းရင်းသားပုံပြပုံပြင်စာအုပ်များ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုသမိုင်းမှတ်တမ်းစာအုပ်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဝတ်စားဆင်ယင်မှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အနေဖြင့် တိုင်းရင်းသားပုံပြပုံပြင် စာအုပ်ပေးအပ်ခြင်းကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တစ်ကြိမ်၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် တစ်ကြိမ် ဖြန့်ဝေပေးခဲ့ပြီး ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စကောကရင်၊ ပိုးကရင်၊ အရှိုချင်း၊ ဗမာ၊ မွန်နှင့် ရခိုင် တိုင်းရင်းသားပုံပြပုံပြင် စာအုပ်ပေါင်း ၁၀၆၄၀၀ ကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများ၊ နိုင်ငံတော်အဆင့်ဆောင်းပါးဆုရရှိသူများနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်



မုံရွာမြို့၌ ဆုချီးမြှင့်ပွဲ ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၇

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများ၊ နိုင်ငံတော်အဆင့်ဆောင်းပါးဆုရရှိသူများနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၌ ပြုလုပ်ကြရာ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများ၊ နိုင်ငံတော်အဆင့်ဆောင်းပါးဆုရရှိသူများနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကြသည်။

ဆုချီးမြှင့်ပွဲများအပြီးတွင် ဆုရစစ်သည်များနှင့် ကျောင်းသား ကျောင်းသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၇

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

အလားတူ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် ပလက်ဝမြို့ရှိ နယ်မြေခံတပ်ရင်းတွင် ဥစားကြက်မွေးမြူရေးခြံနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် သိမ်ဖြူလမ်းရှိ အထက(၄) ဗိုလ်တထောင်ကျောင်းခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒုတိယရဲမှူးကြီးလှဖုန်းကျော်က လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ အဖွဲ့ဝင်(၃) ဦးလှဝင်းမောင်က လဝကလုပ်ငန်းများ ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မော်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေမျိုးထွန်းက လုံခြုံရေးဆောင်ရွက်ချက်များ၊ အဖွဲ့ဝင်(၂) ဦးအောင်မိုးကျော်က လူမှုရေးကိစ္စ၊ အဖွဲ့ဝင်(၃) လဝကဦးစီးမှူး ဦးအောင်တင်ရွှေက လဝကလုပ်ငန်းများအကြောင်း ဆွေးနွေးတင်ပြကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်စာရေးများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြကြောင်း သိရသည်။

အစည်းအဝေးသို့ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ အတွင်းရေးမှူး ဒုရဲမှူးကြီး လှဖုန်းကျော်၊ အဖွဲ့ဝင်(၃) ခရိုင်လဝက ဦးစီးမှူး ဦးလှဝင်းမောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ စုစုပေါင်း ၄၈ ဦး တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသောလူနာများအား ကြည့်ရှုအားပေး

**လှိုင်ကော် ဇူလိုင် ၂၇**

ကယားပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားမှုနှင့် ကြုံတွေ့လာပါက ဆောင်ရွက်ပေးရမည့် နည်းလမ်းများ၊ ရောဂါကုသရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် အလေးအနက်ထားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။



ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသံလွင်အောင်က ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ၊ လှိုင်ကော်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းဝင်းခိုင်က ပြည်နယ်အတွင်းရှိ မြို့နယ်/တိုက်နယ်ဆေးရုံများ၏ အခြေအနေနှင့် ကုသရေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေ အနေများ၊ ထပ်မံပေါင်းစပ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံအတွင်းရှိ ဆေးကုသဆောင်၊ ကလေးလူနာဆောင်၊ ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကု လူနာဆောင်နှင့် ခွဲစိတ်ကုသဆောင်များသို့ သွားရောက်၍ ဆေးကုသလျက်ရှိသောလူနာများအား ကြည့်ရှုကာ အားပေးစကားပြောကြားပြီး အာဟာရဖြည့် အစားအသောက်များ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့ဆေးရုံဝင်းအတွင်း ဆေးရုံ၏ ဥယျာဉ်ဝင်းကောင်းမွန်စေရေးနှင့် သာယာလှပရေး ဆောင်ရွက်ထားမှု၊ ဆေးရုံဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ထားမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# ဘားအံမြို့ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတို့ကို ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၂၇**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ဘားအံမြို့ စုပေါင်းရုံးရှိ ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် အမှတ် (၄)ရပ်ကွက် သီရိလမ်းပေါ်ရှိ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သော ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် ပြည်သူများ၏ အားကိုးယုံကြည်မှု တိုးပွားလာစေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် သွားရောက်ကြည့်ရှုစစ်ဆေးခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ဌာနဆိုင်ရာ ၁၁ ဌာနက ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဝန်ထမ်းများအား အလှည့်ကျတာဝန်ချထားပေးမှု၊ ဒေသခံပြည်သူများက ဝန်ဆောင်မှု လုပ်ငန်းများကို အားကိုးယုံကြည်စွာဖြင့်လာရောက်လုပ်ကိုင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အစဉ် လည်ပတ်နေရေးအတွက် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ်စုပေါင်းရုံးရှိ ဌာနဆိုင်ရာရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ စည်းကမ်းတကျ တာဝန်ထမ်းဆောင်ရေး၊ ရုံးလုပ်ငန်းသုံးစက်ကိရိယာ၊ ပရိဘောဂများ စည်းကမ်းတကျ သုံးစွဲရေး လမ်းညွှန်မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ် (၄) ရပ်ကွက် သီရိလမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတွင် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကိုမှာကြားကာ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။ **ပြည်နယ် (ပြန်/ဆက်)**






# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**စစ်တွေ ဇူလိုင် ၂၇**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ကာယဗမောင်ပြိုင်ပွဲကို ကျင်းပရာ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်းနှင့် ၇၅ ကီလိုတန်းအထက် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး Man Sport Physique အားကစားသမားများ၊ မယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ငါးပေသုံးလက်မအောက်နှင့် ငါးပေ သုံးလက်မအထက်မယ်များ၊ fitness physique ပြိုင်ပွဲဝင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က Man Sport Physique ပြိုင်ပွဲတွင် ဆုရရှိသည့် ကာယဗလမောင်များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ကာယကြံ့ခိုင်မှုမယ် ငါးပေ သုံးလက်မအောက် ပြိုင်ပွဲတွင် ဆုရရှိသည့် မယ်များအားလည်းကောင်း၊ စစ်တွေတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က ငါးပေ သုံးလက်မ အထက်ပြိုင်ပွဲတွင် ဆုရရှိသည့် မယ်များအားလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက fitness physique ပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင်မယ်များအားလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲများတွင် ပထမဆုရရှိသည့် ပြိုင်ပွဲဝင်များအား ဆုတံဆိပ်နှင့် ငွေသားဆုကျပ် ၁၅၀၀၀၀၊ ဒုတိယဆုရရှိသော ပြိုင်ပွဲဝင်များအား ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၁၀၀၀၀၀ နှင့် တတိယဆုရရှိသော ပြိုင်ပွဲဝင်များအား ဆုတံဆိပ်နှင့် ငွေသားဆုကျပ် ၇၀၀၀၀ စီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

☆ ရှေ့ဖုံးမှ

ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး ဇူလိုင် ၂၆ ရက်အထိ မဲဇလီရေလွှဲဆည်ရေဖြင့် ၁၃၃၅၄ ဧက၊ မင်းဘူး(စကု)မြို့နယ် အိုင်းမဆည်ရေဖြင့် ၁၁၆၉ ဧက ၊ လျှပ်စစ်ရေတင်စနစ်ဖြင့် ၁၂၆ ဧက ၊ ဆည်/ကန်ငယ်စနစ်ဖြင့် ၁၅ ဧက၊ ရေစုပ်စက်စနစ်ဖြင့် ၆၉၁ ဧက၊ မိုးကောင်းသောက်စနစ်ဖြင့် ၁၃၆ ဧက၊ စုစုပေါင်း မိုးစပါးသီးနှံဧက ၁၅၄၉၁ ဧက စိုက်ပျိုးဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးနှင့် အခြားမိုးသီးနှံ စိုက်ပျိုးရာတွင် တောင်သူတစ်ဦးချင်းအလိုက် သီးနှံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နယ်မြေအလိုက် ကွင်းတာဝန်ခံဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များနှင့် သွင်းအားစုပစ္စည်း အချိုးကျသုံးစွဲနည်းစနစ်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ဒေသခံတောင်သူများသည် ရောမင်း၊ ရတနာတိုး၊ မနောသုခ၊ ပေါ်ဆန်းရင်နှင့် ဆင်းသိင်္ဂီ စပါးမျိုးတို့ကို အဓိကထား စိုက်ပျိုးကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၇**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားပျော့နေသည်။ **မိုး/ဇလ**

# အကြမ်းဖက်မှုနှင့် တော်လှန်ရေး

**ဇင်ငြိမ်း**

### အကြမ်းဖက်ဝါဒ

အကြမ်းဖက်ဝါဒနှင့် တော်လှန်ရေးဆိုသည့် သဘောသည် အနှစ်သာရအားဖြင့်ဖြစ်စေ၊ အသွင်သဏ္ဍာန်အားဖြင့်ဖြစ်စေ၊ ရည်ရွယ်ချက်အားဖြင့် ဖြစ်စေ ကွဲပြားခြားနားပါသည်။ အကြမ်းဖက်ဝါဒအား နိုင်ငံတကာဥပဒေအရ ရှင်းလင်းတိကျသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိပါ။ ယင်းသည် နိုင်ငံရေးနှင့် အယူအဆဆိုင်ရာ အဓိပ္ပာယ်များရှိပါသည်။ အကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ ဖွင့်ဆိုချက်များရှိသော်လည်း နိုင်ငံများက အကြမ်းဖက်ဝါဒ ဖွင့်ဆိုချက်အပေါ် သဘောတူညီမှုမရရှိသေးချေ။

၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၉ ရက်က လက်မှတ်ရေးထိုးခဲ့သည့် အကြမ်းဖက်မှုဆိုင်ရာ ဘဏ္ဍာငွေထောက်ပံ့မှုရပ်ဆိုင်းရေး နိုင်ငံတကာသဘောတူစာချုပ်တွင် အကြမ်းဖက်ဝါဒကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့နောက် ၂၀၀၄ ခုနှစ်အောက်တိုဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၅၆၆ တွင် အဆိုပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြင်ဆင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် အကြမ်းဖက်ဝါဒကို အဓိပ္ပာယ်ဖွင့်ဆိုသည့် ဆုံးဖြတ်ချက်အမှတ် ၆၀/၄၃ ကို ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့ပါသည်။ ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အများသူငါ၊ လူအုပ်စုတစ်ခု သို့မဟုတ် လူတစ်ဦးချင်းစီအား နိုင်ငံရေးရည်ရွယ်ချက်များအတွက် ကြောက်မက်ဖွယ် အခြေအနေဖြစ်စေရန် ရည်ရွယ်သော သို့မဟုတ် စနစ်တကျ စီစဉ်လုပ်ဆောင်သော ရာဇဝတ်မှုဆိုင်ရာ လုပ်ဆောင်မှုများဟု ဖွင့်ဆိုထားပါသည်။

> **သို့သော်လည်း တော်လှန်ရေးခေါင်းစဉ်အောက်တွင် မိမိတို့လိုလားသော နိုင်ငံရေးရည်မှန်းချက်နှင့်သွေဖည်ကာ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ စာသင်ကျောင်းများကို မီးရှို့၍ ဆရာ ဆရာမများကို ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်း စသောလုပ်ရပ်များသည် ဥပဒေချိုးဖောက်သော ရာဇဝတ်မှုများဖြစ်၍ အကြမ်းဖက်လုပ်ရပ်များဖြစ်**

မြန်မာနိုင်ငံတွင် အကြမ်းဖက်ဆိုင်ရာ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄) အခန်း (၁) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)တွင် အကြမ်းဖက်မှုဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ပြုလုပ်မှုနှင့် ပြုလုပ်ရန်ပျက်ကွက်မှုများကို ဆိုသည်ဟု (၁၁)ချက်ဖော်ပြထားပါသည်။

ယင်းပြဋ္ဌာန်းထားချက်များတွင် ကုလသမဂ္ဂမှ ဖွင့်ဆိုထားသည့် အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကိုမပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကို ဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများဆိုသည့် ဖွင့်ဆိုချက်ပါဝင်သည်ကို တွေ့ရပါသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဦးဆောင်လှုပ်ရှားနေသူ ကျော်မင်းယု(ခ)ဂျင်မီအား ဖမ်းဆီးရမိခဲ့သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံအိမ်ရာဝင်းအတွင်းရှိ အမှတ်(၁၀၉/ဘီ)နှစ်ထပ်တိုက်နေအိမ်ကို တွေ့ရစဉ်။

### တော်လှန်ရေး

တော်လှန်ရေးဆိုသည့် စကားရပ်သည် လက်တင်ဘာသာစကား revolution အလှည့်၊ ပြန်လှည့်သည်ဆိုသည့်စကားရပ်မှ ဆင်းသက်လာသည်ကို တွေ့ရပါသည်။ နိုင်ငံရေးသိပ္ပံတွင် တော်လှန်ရေးဆိုသည်မှာ အစိုးရအပေါ် ပြည်သူလူထုက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများ မကျေနပ်မှုကြောင့် နိုင်ငံရေးအာဏာနှင့် နိုင်ငံရေးအဖွဲ့အစည်းများတွင် အပြောင်းအလဲလုပ်ဆောင်ခြင်းဟု တွေ့ရှိရသည်။ ယင်းသို့ ပြောင်းလဲရာတွင် မတူညီသောနိုင်ငံရေးစနစ်များသို့ ပြောင်းလဲရန်အတွက် အများအားဖြင့် ဆန့်ကျင်ဆန္ဒပြခြင်း၊ အင်အားအသုံးပြုခြင်းနှင့် စစ်ပွဲနည်းလမ်းများကို အသုံးပြုလေ့ရှိကြပါသည်။ ဆန့်ကျင်ဆန္ဒပြခြင်း၊ အင်အားအသုံးပြုခြင်းနှင့် စစ်ပွဲနည်းလမ်းများ အသုံးပြုရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ ရှိပါသည်။

### မတူညီမှု

အကြမ်းဖက်မှုလုပ်ရပ်နှင့် တော်လှန်ရေး အသွင်တို့၏ ရည်ရွယ်ချက်နှင့် လုပ်ကိုင်ပုံတို့သည် များစွာကွဲပြားခြားနားကြပါသည်။ အနီးစပ်ဆုံး ဥပမာအဖြစ် တည်ဆဲအစိုးရတစ်ရပ်အား တော်လှန်ခဲ့ကြသည့် ထိုင်းနိုင်ငံတွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့် သီရိလင်္ကာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှစ်ခုတွင် တွေ့နိုင်ပါသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်းက ထိုင်းဘုရင်၏ ဩဇာအာဏာကို ကန့်သတ်ရန်အတွက် အင်အားသောင်းနှင့်ချီသောလူထုက ဘုရင်စနစ်ပြုပြင်ပြောင်းလဲရေးအပါအဝင် အခြားတောင်းဆိုမှုများဖြင့် ဘန်ကောက်မြို့တွင် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှုများကို နေ့စဉ်ရက်ဆက် ပြုလုပ်ခဲ့ကြသည်။ သို့သော် ထိုဆန္ဒပြမှုများတွင် အကြမ်းဖက်မှုပုံစံများပါဝင်ခြင်းမရှိဘဲ နိုင်ငံရေးရည်မှန်းချက်နှင့် တောင်းဆိုမှုများရရှိရေးကိုသာ ဦးတည်သည်ကို တွေ့ရပါသည်။

အလားတူပင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့က သီရိလင်္ကာနိုင်ငံတွင် ထောင်ချီသည့် ဆန္ဒပြသူများသည် မြို့တော်ကိုလံဘိုတွင်ရှိသည့် သမ္မတအိမ်တော်ဝင်းကို ဝင်စီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ ထိုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သည့် အသွင်ပုံစံများကို မတွေ့ရှိရဘဲ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ လိုလားချက်များကိုသာ တောင်းဆိုခဲ့သည်ကိုတွေ့ရပါသည်။ ယင်းဖြစ်စဉ်နှစ်ခုသည် တော်လှန်ရေးအသွင်ပုံစံဖြင့် တွေ့မြင်ရပြီး လူထုက ၎င်းတို့လိုလားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ရည်ရွယ်ချက်များကိုသာ တောင်းဆိုခဲ့ကြကာ ရည်ရွယ်ချက်နှင့်မသက်ဆိုင်သည့် ပြည်သူပိုင်အဆောက်အအုံများ ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ မီးရှို့ခြင်း၊ လမ်းတံတားများ မိုင်းခွဲခြင်း စသည့်ဥပဒေမဲ့လုပ်ရပ်များမပါဝင်သည်ကို တွေ့ရပါသည်။

**သို့သော်လည်း တော်လှန်ရေးခေါင်းစဉ်အောက်တွင် မိမိတို့လိုလားသော နိုင်ငံရေး ရည်မှန်းချက်နှင့်သွေဖည်ကာ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ စာသင်ကျောင်းများကို မီးရှို့၍ ဆရာ ဆရာမများကို ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်း စသောလုပ်ရပ်များသည် ဥပဒေချိုးဖောက်သော ရာဇဝတ်မှုများဖြစ်၍ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ကြပါသည်။**

၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် သတင်းတစ်ပုဒ် ဖတ်ရှုရပါသည်။ သတင်းမှာ ဂျပန်နိုင်ငံတွင် လူခုနစ်ဦးအား သတ်ခဲ့သည့် တရားခံကို ဇူလိုင်လ ၂၆ ရက်နေ့က သေဒဏ်ပေးလိုက်သည့် သတင်းဖြစ်ပါသည်။ ယင်းဖြစ်စဉ်တွင် ၂၀၀၈ ခုနှစ် ဇွန်လက ကာတိုတိုမိုဟီရိုဆိုသူသည် ဈေးဝယ်များဖြင့် စည်ကားနေသည့် လူအုပ်အတွင်း ထရပ်ကားဖြင့် ဝင်တိုက်ပြီးနောက် လမ်းသွားလမ်းလာများကို ဓားဖြင့်ထိုးခဲ့သဖြင့် အပြစ်မဲ့လူခုနစ်ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိစေခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး တရားခံ၏ အယူခံကို တရားရုံးချုပ်ကပယ်ချခဲ့ပါသည်။ တရားခံကျူးလွန်ခဲ့သောပြစ်မှုမှာ သက်ညှာရန်မရှိကြောင်း တရားသူကြီးက ပြောခဲ့ပြီး ဇူလိုင်လ ၂၆ ရက်နေ့တွင် တရားခံအား သေဒဏ်စီရင်ခဲ့ပါသည်။ ယင်းမှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် အကြမ်းဖက်သူတစ်ဦးကို သေဒဏ်ပေးခြင်းကိုကြည့်လျှင် အကြမ်းဖက်လုပ်ရပ်များနှင့် အကြမ်းဖက်ဝါဒကို မည်သည့်နိုင်ငံကမျှလက်မခံသည်ကို တွေ့ရမည်ဖြစ်သည်။

အထက်ပါဖြစ်စဉ်များကိုကြည့်ခြင်းအားဖြင့် တော်လှန်ရေးနှင့် အကြမ်းဖက်ဝါဒသည် ပြဒါးတစ်လမ်း သံတစ်လမ်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

### တော်လှန်ရေးခေါင်းစဉ်အောက်မှ အကြမ်းဖက်ဝါဒ

ယနေ့မြန်မာနိုင်ငံတွင် ၂၀၂၀ ရွေးကောက်ပွဲမှ တစ်ဆင့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများ ဖြစ်ပေါ်လာပါသည်။ ယင်းမှထပ်မံ၍ နိုင်ငံရေးမကျေနပ်မှုများ၊ ဆန္ဒပြမှုများဆီသို့ ကူးပြောင်းလာပါသည်။ အမေရိကန်နိုင်ငံကဲ့သို့ ဒီမိုကရေစီရင့်ကျက်ပြီးသော နိုင်ငံတွင်ပင် ရွေးကောက်ပွဲဆိုင်ရာပဋိပက္ခများ ဖြစ်ပွားသည်ကို တွေ့ရပါသည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလက အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် ဂျိုးဘိုင်ဒင်၏မဲများ လွှတ်တော်တွင် အတည်ပြုရန် ဆောင်ရွက်နေစဉ် သမ္မတထရမ့်အား ထောက်ခံသူများက လွှတ်တော်ထဲသို့ အကြမ်းဖက် ဝင်ရောက်ခဲ့သည့်ဖြစ်စဉ်အားကြည့်ပါက နိုင်ငံရေးပဋိပက္ခများဆိုသည်မှာ မည်သည့်နိုင်ငံတွင်မဆို ဖြစ်လေ့ရှိတတ်သည့်သဘော ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ○




ကျော်မင်းယု(ခ)ဂျင်မီနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။

○ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကို အကြောင်းပြု၍ ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး ယင်းမှတစ်ဆင့် လက်နက်ကိုင်တော်လှန်ရေးအသွင်သို့ ပြောင်းလဲပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် နိုင်ငံရေးရည်မှန်းချက်များနှင့် သွေဖည်ကာ ပုဂ္ဂိုလ်ရေးအသွင်၊ လက်စားချေသည့်အသွင်ဖြင့် အကြမ်းဖက်မှုပုံစံများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာပါသည်။

ပြည်သူများ ကျန်းမာရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းကို ဆန့်ကျင်ခြင်း၊ ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်ကို ခြိမ်းခြောက်တိုက်ခိုက်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုအဆောက်အအုံများ၊ အပြစ်မဲ့လူပုဂ္ဂိုလ်များကို တိုက်ခိုက်သတ်ဖြတ်နေခြင်းသည် အကြမ်းဖက်ဝါဒသာ ဖြစ်ပါသည်။ တစ်လောက မျိုးရန်နောင်သိန်းဆိုသူက ဆရာတော်ကြီးများအား လုပ်ကြံရန်ပြောဆိုထားသည့် ဗီဒီယိုဖိုင်ကြည့်ရပါသည်။ ယင်းမှာ နိုင်ငံရေးအသွင်၊ တော်လှန်ရေးအသွင်မှ အကြမ်းဖက်ဝါဒအသွင်သို့ ပြောင်းလဲသွားသည့် သက်သေပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အကြမ်းဖက်အဖွဲ့အစည်း၊ အကြမ်းဖက်သူများအဖြစ် နိုင်ငံတကာက သတ်မှတ်ထားသူများပင် မိမိတို့ကိုးကွယ်ရာဘာသာကို ပြန်လည်ဖျက်ဆီးခြင်းမလုပ်ကြပါ။

**ယနေ့ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်နေသည့် အကြမ်းဖက်ဝါဒကို ဦးဆောင်သူများသည် သူတို့ကိုယ်တိုင်မှာ အန္တရာယ်လွတ်မြောက်ရာ နေရာများတွင်နေထိုင်၍ ပြည်တွင်းရှိလူငယ်များကို အသုံးချနေကြပါသည်။ ပြည်သူအချင်းချင်း ရန်တိုက်၍ သတ်ဖြတ်ခိုင်းခြင်း၊ ပညာရေးအား ဖျက်ဆီးခြင်း၊ ဘာသာတရားအား ဖျက်ဆီးခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။**

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့်အရေးယူ**

ထိုသို့ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးပြောင်းလဲရန် ခေါင်းစဉ်ဖြင့် အကြမ်းဖက်မှုများကို စီမံခြင်း၊ ဦးဆောင်ခြင်း၊ ကိုယ်တိုင်ကျူးလွန်ခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးပေးခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ယင်းသို့ကျူးလွန်သူများကို အရေးယူအပြစ်ပေးနေသည်ကို တွေ့ရပါသည်။ ယင်းတို့အနက် ကျော်မင်းယု(ခ) ဂျင်မီ၊ ဖြိုးဇေယျာသော်၊ လှမျိုးအောင်နှင့် အောင်သူရဇော်တို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၉(က)၊ ၅၀(ဈ)၊ ၅၀(ည) တို့အရ သေဒဏ်စီရင်ခဲ့ကြောင်း သိရပါသည်။

**၎င်းတို့သည် အကြမ်းဖက်မှုအား စီမံပေးခြင်း၊ ဦးဆောင်ခြင်း၊ ပူးပေါင်းကူညီခြင်း၊ ထောက်ပံ့ခြင်း၊ ကျောင်းများ၊ ရဲစခန်းများ၊ အများပြည်သူဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား တိုက်ခိုက်ခြင်း၊ မိုင်းဖောက်ခွဲခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း** သက်သေထင်ရှားဖော်ထုတ်ရရှိသဖြင့် ထိုသို့ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ၎င်းတို့လက်ဝယ်တွင် လက်နက်ခဲယမ်းနှင့် အကြမ်းဖက်ရာတွင် အသုံးပြုသည့် အခြားပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။



သဃ်န်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုခိတာလမ်း ခြံအမှတ်(၆၇)နှင့် သဃ်န်းကျွန်းမြို့နယ် (၈)မြောက်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၂) အမှတ်(၁၄၂)ရှိ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ နေအိမ်များမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

ထိုပြစ်ဒဏ်စီရင်ခံရသော လေးဦးသည် ရည်ရွယ်ချက်အားဖြင့် နိုင်ငံရေးဆိုင်ရာဟု ဆိုသော်လည်း လက်တွေ့လုပ်ဆောင်နေသည်မှာ အကြမ်းဖက်မှုအသွင်ပုံစံများ ဖြစ်ကြပါသည်။ သို့ဖြစ်သည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူအပြစ်ပေးခဲ့သည်ကို တွေ့ရပါသည်။ ထို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အခြားအရေးယူထားသူများလည်း ရှိနေဆဲဖြစ်သည်။

**အကြမ်းဖက်မှုများနောက်ကွယ်**

နိုင်ငံရေးပဋိပက္ခများမှတစ်ဆင့် အသွင်ပြောင်းလာသော အကြမ်းဖက်မှုများသည် ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ သယ်ဆောင်လာသည်ကို ယနေ့မြန်မာနိုင်ငံတွင်ဖြစ်နေသော တည်ငြိမ်မှု၊ အေးချမ်းမှု၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာအခြေအနေများတွင် သိသာစွာတွေ့ရပါသည်။ ယင်းအကြမ်းဖက်မှုများကို ဦးဆောင်နေသူများ၊ စီမံပေးနေသူများနှင့် ထောက်ပံ့ပေးနေသူများသည် ယနေ့အခါ နိုင်ငံရေးရည်မှန်းချက်မပါတော့သည့် ပုဂ္ဂိုလ်ရေးအာဃာတများ၊ အကျိုးစီးပွားများနှင့် နောက်ကွယ်မှကြိုးကိုင်နေသူများအလိုကျ လုပ်ဆောင်နေကြပါသည်။ အကြမ်းဖက်မှုများ တိုးမြင့်လာခြင်း၏နောက်ကွယ်တွင် မြန်မာ့နိုင်ငံရေး မတည်မငြိမ်ဖြစ်စေရန်နှင့် ရပ်သေးအစိုးရတစ်ရပ် အာဏာရရှိရန်ဆိုသည့် ပယောဂများလည်း ရှိနေပါသည်။

**“ယင်းပယောဂများတွင် စတေးခံနေကြရသည်မှာ မြန်မာနိုင်ငံသားအချင်းချင်း အိမ်ကြက်ချင်းအိုးမည်းသုတ်၍ ဖျက်ဆီးခံနေရခြင်း ဖြစ်ပါသည်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ စကားအတိုင်းဖြစ်ပါသည်။ ထိုသို့သော နောက်ကွယ်မှအကြံအစည်များတွင် လူထုအနေဖြင့် အထူးသဖြင့် လူငယ်များအနေဖြင့် အသုံးချခံမဖြစ်ရန် အရေးကြီးပါသည်။ နိုင်ငံရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အကြမ်းဖက်သည့်နည်းလမ်းတစ်ခုတည်းသာ ရှိသည်မဟုတ်ပါ။ တော်လှန်ရေးနှင့် အကြမ်းဖက်မှုကို ခွဲခြားသိရန်လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ အကြမ်းဖက်မှုများတွင် အသုံးချခံရပါက နစ်နာရမည်မှာ ကာယကံရှင်ကိုယ်တိုင်ပင်ဖြစ်ပြီး ကိုယ်တိုင်လည်း အကျိုးပျက်စီး၊ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်၊ နိုင်ငံကိုလည်း အကျိုးပျက်စီးစေမည်”**

ယင်းပယောဂများတွင် စတေးခံနေကြရသည်မှာ မြန်မာနိုင်ငံသားအချင်းချင်း အိမ်ကြက်ချင်းအိုးမည်းသုတ်၍ ဖျက်ဆီးခံနေရခြင်း ဖြစ်ပါသည်။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ စကားအတိုင်းဖြစ်ပါသည်။ ထိုသို့သော နောက်ကွယ်မှ အကြံအစည်များတွင် လူထုအနေဖြင့် အထူးသဖြင့် လူငယ်များအနေဖြင့် အသုံးချခံမဖြစ်ရန် အရေးကြီးပါသည်။ နိုင်ငံရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အကြမ်းဖက်သည့် နည်းလမ်းတစ်ခုတည်းသာ ရှိသည်မဟုတ်ပါ။ တော်လှန်ရေးနှင့် အကြမ်းဖက်မှုကို ခွဲခြားသိရန်လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ အကြမ်းဖက်မှုများတွင် အသုံးချခံရပါက နစ်နာရမည်မှာ ကာယကံရှင်ကိုယ်တိုင်ပင်ဖြစ်ပြီး ကိုယ်တိုင်လည်း အကျိုးပျက်စီး၊ ပတ်ဝန်းကျင်ကိုလည်းထိခိုက်၊ နိုင်ငံကိုလည်း အကျိုးပျက်စီးစေမည်ဖြစ်ပါသည်။

**“၎င်းတို့သည် အကြမ်းဖက်မှုအား စီမံပေးခြင်း၊ ဦးဆောင်ခြင်း၊ ပူးပေါင်းကူညီခြင်း၊ ထောက်ပံ့ခြင်း၊ ကျောင်းများ၊ ရဲစခန်းများ၊ အများပြည်သူဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများအား တိုက်ခိုက်ခြင်း၊ မိုင်းဖောက်ခွဲခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်းတို့ လုပ်ဆောင်ခဲ့ကြောင်း သက်သေထင်ရှားဖော်ထုတ်ရရှိသဖြင့် ထိုသို့ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ၎င်းတို့လက်ဝယ်တွင် လက်နက်ခဲယမ်းနှင့် အကြမ်းဖက်ရာတွင်အသုံးပြုသည့် အခြားပစ္စည်းများကို ဖမ်းဆီးရမိခဲ့”**



ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်း ရတနာနှင်းဆီအိမ်ရာ တိုက်အမှတ်(3/B) အခန်းအမှတ် (B–0907)၌ မောင်ကျော်(ခ)ဖြိုးဇေယျာသော်နှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

# လက်ရုံးရည် နှလုံးရည်

## မောင်နှင်းဆီ

ဥပဒေအကြောင်းဆိုင်ရာ ပညာရပ်များကို စာရေးသူ ဂဃနဏနားမလည်လှပါ။ ရေရေရာရာသိအောင် အထက်တန်းရှေ့နေစာမေးပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)ကို တစ်နှစ်ကြာ အချိန်ယူကာ လေ့လာဆည်းပူးခဲ့ပါသည်။ အပိုင်း(၁)က သုံးဘာသာနှင့် အပိုင်း(၂)က သုံးဘာသာကို စာမေးပွဲ ဖြေဆိုရပါသည်။ အစိုးရစစ် အထက်တန်း ရှေ့နေစာမေးပွဲကို အပိုင်းနှစ်ခုစလုံး ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ဥပဒေပညာကို စိတ်ပါဝင်စားစွာ သင်ယူလေ့ကျက်ခဲ့သဖြင့် ရာဇသတ်ကြီး ခေါ် ပြစ်မှုဆိုင်ရာဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ တရားမဥပဒေ၊ နစ်နာမှုဥပဒေ၊ သက်သေခံဥပဒေ၊ နိုင်ငံတကာဥပဒေ၊ နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစသော စာအုပ်အထူစားကြီးများစွာကို နားလည်ခွင့်ရခဲ့ပါသည်။ သင်ကြားပြသသော ကျေးဇူးရှင်ဆရာကြီး ဦးအုန်းဖေ (M.A, M.S, BL) ၏ အထူးပင်ကျွမ်းကျင်သော သင်ကြားပြသမှုကြောင့်ဖြစ်ကြောင်း ထင်ရှားပါသည်။

ဘယ်ကျမ်းမှာပါမှန်းမသိ။ သမိုင်းတွေထဲမှာလား၊ မှော်ဘီဆရာသိန်း၏ မြန်မာမှုူးကြီးမတ်ကြီးများထဲကလားမသိ။ ဆရာကြီးက ဝန်ကြီး ဗညားကျန်းတောအကြောင်း ကိုးကားဥပဒေပညာသင်ရင်း၊ ဗေဒင်ပညာ (အာယုဝဍ္ဎဏစိန္တာနုဋ္ဌာကျမ်းကို ပင်ရင်းထား၍ အခြားဗေဒင်ကျမ်းများပါ နှိုင်းယှဉ်ကာ) သင်ကြားရင်း၊ အမေရိကန်စိတ်ပညာကို သင်ပြပေးရင်း (ဆရာကြီးက အမေရိကန်ပြည်ထောင်စုမှ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့လည်း သင်ယူခဲ့ပြီးသူဖြစ်ပါသည်) ဝန်ကြီးဗညားကျန်းတောအကြောင်းများကို ပုံပြင်များသဖွယ်၊ ဝတ္ထုဇာတ်လမ်းမျိုးတစ်သွယ် စာရေးသူနားထောင်ခဲ့ရပေသည်။ ဟုတ်ပြီ ဥပဒေအကြောင်း၊ အမှုအကြောင်း၊ ဝန်ကြီးဗညားကျန်းတောအကြောင်းတို့ကို ယခုအချိန်တွင်မှ ဘာကြောင့်ပြောဆိုရပါသလဲ။

တရားမ အမှုအခင်းတရားစီရင်ခြင်းကျင့်ထုံးတွင် ယခင်ကမရှိခဲ့ဖူးသေးသော နှစ်ဦးနှစ်ဖက်တရားရုံးတော်က လက်ခံဆုံးဖြတ်ခြင်းမပြုမီ ညှိနှိုင်းဖြေရှင်းပေးသောစနစ်ကို (ဤအချက် သမိုင်းဝင်ထူးခြားပါသည်) ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစတင်၍ ဤပြည်ထောင်စုမြန်မာနိုင်ငံအဝှမ်းရှိ နိုင်ငံတော်တရားရုံး၊ တရားမမှုခင်းအားလုံးကျင့်သုံးပါတော့မည်။

### တရားမဆိုတာဘာလဲ

မြို့နယ်တရားရုံး၊ ခရိုင်တရားရုံးစသည်တို့တွင် မူလအမှု၊ အယူခံမှုစသည်တို့က အဆင့်ဆင့်သဘော။



တိုင်းပြည်ဝပြောသာယာအောင် ၁၉ နှစ် နန်းစံထူထောင်သော အနောက်ဘက်လွန်မင်းတရား၏ ကောင်းမှုတော်စေတီ

ရာဇဝတ်မှုနှင့် တရားမမှုဆိုသည်ကား တရားလိုနိုင်ငံတော်နှင့် တရားခံပါဝင်သော ရာဇဝတ်မှုနှင့် ပြည်သူအချင်းချင်းအငြင်းပွား၍ အမှုအခင်းဖြစ်သော တရားမမှုဟူ၍ အခြေခံအမျိုးအစားကွဲပြားကြောင်းကိုမူ စာဖတ်သူအနည်းငယ်က သိကောင်းမှသာသိပါလိမ့်မည်။

ပြည်သူပြည်သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရသော နိုင်ငံတော်က ပြည်သူတစ်ယောက်၊ ရဟန်းတစ်ပါး၊ ကျောင်းသားတစ်ဦး၊ သို့မဟုတ် ကျောင်းဆရာမကို သေနတ်ဖြင့် ပစ်ခတ်၊ သို့တည်းမဟုတ် ဓားဖြင့်ခုတ်သတ်သူ လူဆိုးလူသတ်သမား သို့မဟုတ် NUG၊PDF သို့မဟုတ် တရားခံကို တရားရုံးမှာ ရင်ဆိုင်ယှဉ်ပြိုင်ကြရခြင်းကို **ရာဇဝတ်ပြစ်မှု**ဟု ခေါ်ပါသည်။

ဥပဒေကို စောင့်ထိန်းရသူနှင့် ဥပဒေကို ကျူးလွန်ဖောက်ဖျက်၍ ပြည်သူပြည်သားကို သတ်ဖြတ်၊ နာကျင်၊ သေစေ၊ လုယက်၊ နှိပ်စက်သော တရားခံတို့အမှုအခင်းတွင် နစ်နာသူ၏ မိသားစုက တရားလိုမဟုတ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းအသတ်ခံရခြင်းကို ဇနီးဒေါ်ခင်ကြည်က တရားလိုလုပ်ပြီး တရားစွဲစရာမလိုပေ။ ဥပဒေအရ ကာကွယ်ပေးရန် တာဝန်ရှိသော နိုင်ငံတော်က တရားလိုအဖြစ် တရားစွဲတင်ရခြင်းသာ ဖြစ်လေသည်။ ဒေါသဖြင့် မှားသူကို တရားရုံးက စီရင်မြဲထုံးစံ။

ပြည်သူကို ကာကွယ်ရသော နိုင်ငံတော်က ပေးထားသော တာဝန်အရ သူပုန်၊ ဓားပြ၊ အကြမ်းဖက်ရမ်းကားသူတို့အား ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်းသည် နိုင်ငံရေးအရမဟုတ်။ ဘယ်သူဘယ်ဝါ ပါတီကို မုန်းခြင်း ချစ်ခြင်းကြောင့်မဟုတ်။ သေဒဏ်ပေးရခြင်းကလည်း တရားသူကြီးက နိုင်ငံသားများစွာကို သေကျေဒုက္ခကြုံတွေ့အောင် အကြမ်းဖက်သတ်ဖြတ်နှိပ်စက်၊ လက်နက်အားကိုး အနိုင်ကျင့်သော ရာဇဝတ်မှုခိုင်လုံသော သက်သေခံချက်များအရ ဥပဒေပါ ပြစ်မှုပြစ်ဒဏ်ကို စီရင်ဆုံးဖြတ်ခြင်းသာပင်။

နိုင်ငံတော်တရားသူကြီးကို အပြစ်မြင်စရာမရှိ။ တရားရုံးတော်က ဥပဒေဖြင့် ပြည်သူ့အတွက် ကာကွယ်ပေးခြင်းအလုပ်ကို ကျေပွန်စွာထမ်းဆောင်ရပေမည်။

တရားမမှုဆိုသည်ကား ပြည်သူအချင်းချင်း ညှိနှိုင်းဖြေရှင်းကြရမည့်အစား နိုင်ငံတော်တရားရုံးသို့ ဖြေရှင်းပေးပါ၊ ဆုံးဖြတ်ပေးပါဟု တိုင်ကြားတင်ပြလာသောကိစ္စဖြစ်၏။ အမွေမှု၊ မြေအမှု၊ ငွေအမှု၊ ပိုင်ဆိုင်မှု၊ နစ်နာမှု၊ ရလိုမှုများဖြစ်လေ့ရှိသည်။ မောင်နှမချင်း၊ ညီအစ်မ၊ ညီအစ်ကိုချင်း မြေကွက်၊ အိုးအိမ်ပိုင်ဆိုင်မှုကို ချစ်ချစ်ခင်ခင် ကြည်ကြည်သာသာ မညှိနှိုင်းဘဲ နိုင်ငံတော်က စီရင်ဆုံးဖြတ်ရန် တင်လာသောအမှုမျိုးများပင်။ လောဘကြောင့် မောဟများနေသူများ တရားပြိုင်ဖြစ်နေကြသည်။ အသက်ဘယ်လောက်ကြီးကြီး၊ ပိုက်ဆံဘယ်လောက်ရှိရှိ၊ မောင်နှမချင်း မျက်နှာမထောက်ငွေများ၊ မြေများကိုသာ မြင်နေလောက်အောင် ရူးသွပ်သူအချို့လည်း ရှိတတ်ပေသည်။

တရားသူကြီးမစားရစေနှင့် ရှေ့နေရှေ့ရပ်တွေစားတာများတတ်သည်။ ကြီးသောအမှု ငယ်အောင်၊ ငယ်သောအမှုကို ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာနှင့် မှုမှုတတပင် ခွဲဝေကျေနပ်ကြမည်ဟု ဖြစ်စေနိုင်မည့် ရှေးက မြန်မာ့ဓလေ့ထုံးတမ်းထဲတွင် ရှိပြီးခဲ့သော၊ ကျေနပ်ကျေအေးသော၊ လမ်းညွှန်တည့်မတ်ဖြေပေးသော နည်းစနစ်ကျင့်ထုံးကို ၁-၈-၂၀၂၂ ရက်နေ့မှစ၍ နိုင်ငံအဝှမ်း တရားမတရားရုံးတို့က ဥပဒေပါ လုပ်ပိုင်ခွင့်အရ ဖြေရှင်းပေးပေတော့မည်။

ဤမင်္ဂလာကောင်းသတင်းက စာရေးသူအား လွန်ခဲ့သောနှစ်ပေါင်း ၃၈၀ ဆီက(၁၇ ရာစု) မြန်မာပြည်ထောင်စုကြီးအား ဝပြောသာယာ ငြိမ်းချမ်းပျော်ရွှင်အောင် ၁၉ နှစ်တိုင်တိုင် အင်းဝရွှေမြို့တော်တွင် ထီးနန်းစိုးစံအုပ်ချုပ်တော်မူခဲ့သော သာလွန်မင်းတရားလက်ထက်တော်က ဗညားကျန်းတော အမည်ရ ပညာရှိမှုန်ဝန်ကြီးတစ်ပါးကို ပြန်လည်သတိရစေပါသည်။ တောင်ငူ ဟံသာဝတီခေတ်၊ အရှေ့တောင်အာရှ ကျွန်းဆွယ်တစ်ခုလုံးကို ဘုန်းတန်ခိုးဩဇာ ကြီးမားစွာလွှမ်းမိုးတော်မူခဲ့သော ဘုရင့်နောင်ကျော်ထင်နော်ရထာ ဘုရင်ကြီး၏ အရှိန်အဝါသည် ဆက်လက်တောက်ပနေဆဲ အချိန်ပင်ဖြစ်လေသည်။

သာလွန်မင်းသည် ညောင်ရမ်းသုံးဆက်မြောက်မင်းတစ်ပါးဖြစ်၍ အင်းဝတွင် ထီးနန်းစံလေသည်။ သာလွန်မင်း၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်-

၁။ စစ်ကိုင်း-ရာဇမဏိစူဠာကောင်းမှုတော်စေတီကြီးကို တည်ခြင်း၊ မင်းဘူး-စက်တော်ရာနှစ်ဆူကို တွေ့အောင်ရှာဖွေစေခြင်းနှင့် ကျောင်းကန်များ ဆောက်လုပ်၍ သာသနာရေးကို အားပေးခြင်း။

၂။ တောင်ဖီလာစသော ကျမ်းတတ်ဆရာတော်များကို ဆည်းကပ်ကိုးကွယ်ခြင်း။

၃။ ကျောက်ဆည်နယ်ရှိ ဆည်များကို ဆယ်ဖို့၍ စိုက်ပျိုးရေးကို အားပေးခြင်း။

၄။ ဟံသာဝတီ ဆင်ဖြူများရှင် ဖြတ်ထုံးနှင့် ဝါရီဓမ္မသတ်ကို အခြေပြု၍ မြန်မာ့ထုံးစံနှင့်အညီ မနုသာရ ရွှေမျဉ်းဓမ္မသတ်ကျမ်းကို ပြုစုစေခြင်း။

၅။ နိုင်ငံတော်အတွင်းရှိ လူဦးရေ၊ စိုက်ပျိုးသောမြေ၊ အသီးအနှံထွက်၊ အခွန်တော်စသည်တို့ကို စစ်တမ်းကောက်ယူခြင်း။

၆။ အလုပ်လက်မဲ့မရှိစေရန် ဆောင်ရွက်ခြင်း၊ ချေးတာသုံးစွဲမှုပြုရန် နှိုးဆော်ခြင်းနှင့် အရွယ်ရောက်ပြီးသူများကို နေရာချထားပေးခြင်း။

၇။ နိုင်ငံတော် ငြိမ်းချမ်းသာယာအောင် ထိန်းသိမ်းဆောင်ရွက်ခြင်း။

ထိုအချိန်က နိုင်ငံထူထောင်အောင်မြင်ခြင်းကား ဘုရင်တစ်ပါးတည်းတန်ခိုးကြီးခြင်း၊ လက်ရုံးရည် နှလုံးရည် ပြည့်စုံခြင်းမျှနှင့်မပြီးပေ။ နိုင်ငံ့ဝန်ထမ်းအဆင့်ဆင့်၏ တိုင်းပြည်နှင့် ပြည်ထောင်စုသား ပြည်သူများအပေါ် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ မေတ္တာဖြပ်ဗ္ဗစိုရ်တရား ကြီးမားထွန်းကားခြင်း၊ စည်းလုံးညီညွတ်စွာဖြင့် ပြည်သူအများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြလျက် စည်ကမ်းဥပဒေသကို ရိုသေလိုက်နာခြင်းတို့ကြောင့်လည်း ဖြစ်လေသည်။

နမူနာသာဓက ထင်ရှားခဲ့သည့် ပုဂ္ဂိုလ်တစ်ယောက်ကို နမူနာကောက်၍ တင်ပြပါရစေ-

အတုယူလေးစားစရာ ကောင်းလှသော ဖြောင့်မတ်မှန်ကန်သည့် သူ၏တာဝန်ထမ်းဆောင်မှုဖြစ်ရပ်များစွာရှိခဲ့သည်။ သာလွန်မင်းကြီးလက်ထက်တွင် ဗညားကျန်းတော အမည်ရှိသော ဝန်ကြီးတစ်ပါးရှိခဲ့သည်။ ဝန်ကြီးတွင် သားနှစ်ယောက်ရှိသည်။ တစ်ခါသော် ဗညားကျန်းတောမရှိခိုက် သားနှစ်ယောက်ကို **စာမျက်နှာ ၉ သို့** ■

❝ပြည်သူကို ကာကွယ်ရသော နိုင်ငံတော်က ပေးထားသော တာဝန်အရ သူပုန်၊ ဓားပြ၊ အကြမ်းဖက်ရမ်းကားသူတို့အား ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်းသည် နိုင်ငံရေးအရမဟုတ်။ ဘယ်သူဘယ်ဝါ ပါတီကို မုန်းခြင်း ချစ်ခြင်းကြောင့်မဟုတ်။ သေဒဏ်ပေးရခြင်းကလည်း တရားသူကြီးက နိုင်ငံသားများစွာကို သေကျေဒုက္ခကြုံတွေ့အောင် အကြမ်းဖက်သတ်ဖြတ်နှိပ်စက်၊ လက်နက်အားကိုး အနိုင်ကျင့်သော ရာဇဝတ်မှုခိုင်လုံသော သက်သေခံချက်များအရ ဥပဒေပါ ပြစ်မှုပြစ်ဒဏ်ကို စီရင်ဆုံးဖြတ်ခြင်းသာပင်❞

■ စာမျက်နှာ ၈ မှ

လွှတ်တော်ကခေါ်၍ ဘွဲ့အမည် ပေးနှင့်၏။ သားနှစ်ယောက်လည်း ဖခင်ဝန်ကြီး ပြန်လာ၍ ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်ပြောကြသည်။ ထိုအခါ ဗညားကျန်းတောက "သင်တို့ ဘွဲ့အမည်ရထိုက်အောင် တစ်စုံတစ်ခုမျှမပြုရသေး။ သင်တို့အမှုထမ်း၍ ခွေးတစ်ကောင်ကိုမျှ မရနိုင်သေးချေ။ မတန်ဘဲနှင့် ယူခြင်းသည် ရှက်ဖွယ်ဖြစ်သည်။ **မတန်သည်ကို မလိုချင်နှင့်။ ပြန်၍ပေးလေ**"ဟု ဆိုလေသည်။ သားများက ဘွဲ့ကို ပြန်၍ပေးလိုက်ရသည်။

တစ်ခါသော် ဝန်ကြီးဗညားကျန်းတောသည် စစ်ကိုင်းတွင် ညဉ့်နက်အောင်နေပြီးမှ အင်းဝ မာရ်အောင်တံခါးသို့လာ၍ "ဝန်ကြီး စစ်ကိုင်းက ရောက်လာသည်။ တံခါးဖွင့်ပါ"ဟု လူတစ်ယောက်ကို အပြင်ကပြောဆိုခိုင်းလိုက်သည်။ ထိုအခါ တံခါးမှူးက"သန်းခေါင်ဝန်ကြီးကို ငါမတွေ့ဖူးချေ။ အချိန်မဲ့ဝင်လိုလျှင် မြို့ဝန်ထံမှာ စာခံ၍ပြလှည့်ပါ" ဟု ပြန်လည်ပြောဆိုသည်။ ဗညားကျန်းတောကလည်း "ငါဝန်ကြီးရောက်လာသည်ကို နင်အဘယ်ကြောင့် တံခါးမဖွင့်သနည်း"ဟု ပြောဆိုပြန်သည်။ တံခါးမှူးကလည်း "ထွက်၍သွားစဉ်က ငါဘယ်အချိန်ပြန်ရောက်မည်ဟု အမှာအထားလည်းမရှိ သို့မဟုတ် စောစောတင်ကြိုလူလွှတ်၍လည်း အပြောအဆိုမရှိ၊ ဝန်ကြီးအင်္ဂါနှင့်မညီ၊ ဝန်ကြီးဟုတ်မည် မထင်၊ ဤသို့စည်းမဲ့ကမ်းမဲ့ဖွင့်ပေးက သူပုန်သူကန်တို့ ဝန်ကြီးအယောင်ဆောင်သော် အကျိုးမယုတ်လော၊ မဖွင့်နိုင်"ဟု ရဲဝံ့စွာ ပြောဆိုလေသည်။

ဗညားကျန်းတောလည်း မာရ်အောင်တံခါးမှ ဝင်၍မရသောအခါ အောင်ထွန်းတံခါးဘက်သို့ သွားလိုက်ပြီး အောင်ထွန်းတံခါးမှူးအား မာရ်အောင်တံခါးမှူးကို ပြောသကဲ့သို့ပြောဆိုကာ တံခါးဖွင့်ခိုင်းလိုက်သည်။ အောင်ထွန်းတံခါးမှူးက မဆိုင်းမတွပင် တံခါးဖွင့်ပေးလိုက်သဖြင့် ဝန်ကြီးဗညားကျန်းတော နန်းတော်အတွင်းသို့ ပြန်ဝင်ခွင့်ရရှိသွားခဲ့သည်။ မနက်လင်းသောအခါ ဗညားကျန်းတောသည် တံခါးမှူးနှစ်ယောက်လုံးကို ခေါ်လိုက်သည်။ မိမိတာဝန်မိမိကျေပွန်စွာ ထမ်းဆောင်သော မာရ်အောင်တံခါးမှူးကို ဂုဏ်ပြုချီးကျူးစကားပြောကြားကာ ဆုလာဘ်များ ပေးလိုက်သည်။ တာဝန်မကျေ၊ ဝန်ကြီးလာသည်ဆိုရုံမျှဖြင့် တံခါးဖွင့်ပေးခဲ့သော အောင်ထွန်းတံခါးမှူးကို အပြစ်တင် စကားပြောကြားကာ သတိပေးဆုံးမလိုက်သည်။

ကျေးလက်ဒေသရှိတစ်မျှော်တစ်ခေါ်ဝေးသော ကွင်းပြင်တွင် ပင်စည်လူနှစ်ဖက်စာမျှ ကြီးမားသော နှစ်ရှည်မန်ကျည်းပင်ကြီးများ ရှိတတ်သည်။ ဝါဆိုဦး(ဇွန်၊ ဇူလိုင်) အချိန်ကာလမျိုးတွင် မန်ကျည်းရွက်နုများကို တောသူတောင်သားတို့ သီချင်းတကြော်ကြော်ဟစ်အော်ဆိုရင်း ခူးလေ့ရှိတတ်သည်။ လူပျိုလူရွယ် ကာလသားအရွယ်များဖြစ်သည်။

တောရွာများအထိ ကွင်းဆင်းကာ စနည်းနာလေ့ရှိသော ဝန်ကြီးဗညာကျန်းတောသည် မည်သို့စိတ်ကူးပေါက်လေသည်မသိ။ သူ၏နောက်တော်ပါ ရဲမက်ဆယ်ယောက်ခန့်အား မန်ကျည်းပင်ပေါ်တွင် မန်ကျည်းရွက်နုခူးနေကြသူများအား ခေါ်လုံရွယ်ကာ ခြောက်လှန့်အော်ဟစ်ပြီး ဆင်းအောင်မောင်းချစမ်းဟု မြင်းကိုရပ်၍ အမိန့်ပေးလေသည်။

နောက်ပါစစ်သည် (မောက်တိုမောက်ရှည်၊ အကျီလက်တို အနီရောင်နှင့်) မြင်းစီးထားသူများလည်း အဝေးမှအမိန့်အတိုင်း အော်ဟစ်ကြိမ်းမောင်းကြလေ၏။ ရွာသားလူငယ်များ ကြောက်ရွံ့ထိတ်လန့်စွာ သစ်ပင်ထက်မှ ဆောလျင်စွာဆင်း၍ ဝေးရာသို့ ပြေးလွှားသွားကြလေ၏။

လူငယ်တစ်ယောက်သည်ကား မန်ကျည်းရွက်အခူးမပျက်၊ အပင်ထက်တွင် ကျန်နေလေသည်။ ဝန်ကြီးက မန်ကျည်းပင်အောင်ရောက်လာသော် အကြည်အသာပြော၍ ခေါ်မှဆင်းလာလေသည်။ မောင်က သူများလို ဘာကြောင့်မပြေးသလဲဟု မေးသည်။

"နိုင်ငံသား အများပိုင်ဆိုင်ရာ သစ်ပင်မှာ ရာသီပေါ် မန်ကျည်းရွက်ကိုခူးခြင်းက ဘာအပြစ်မှ မကျူးလွန်။ နိုင်ငံ့တာဝန်ထမ်းသူ ရာထူးမည်မျှကြီးသူပင်ဖြစ်စေကာမူ သာမန်အပြစ်မဲ့ပြည်သူအပေါ် နှိပ်စက်ဖိနှိပ်ခွင့်မရှိ။ ထို့ကြောင့် ကျွန်ုပ်ဘယ်သူ့ကိုမျှ မကြောက်။ မင်းကောင်း၊ မှူးကောင်း၊ မတ်ကောင်းများ အုပ်ချုပ်နေသော ခေတ်ကောင်းတွင် ကိုယ့်ထမင်းကိုယ်ရိုးသားဖြောင့်မှန်စွာ ရှာစားသော ကျွန်တော်မျိုးသည် မန်ကျည်းပင်ပေါ်မှ (အများနည်းတူ)ကြောက်လန့်တကြီး ဆင်းမပြေးနိုင်ပါ" ဟု ရည်မွန်ချေငံစွာ အဖြေပေးလေသည်။

"ကျွန်ုပ်သဘောကျသည်။ ကျွန်ုပ်ထံတွင် မင်းမှုထမ်းလုပ်လိုပါသလား" မေးရာ။ လိုက်ပါလုပ်ဆောင်လိုပါသည်ဆိုသဖြင့် နောက်နေ့လာခဲ့ဟု မိန့်ကြား၍ အမှုတော်ထမ်းစေသည်။ ဝန်ကြီးသည် ရိုးသား၍ ရဲရင့်သူများကို နှစ်သက်သည်။ စောင့်ရှောက်လေ့ရှိသည်။

တစ်ခါကလည်း ဝန်ကြီးသည် ဆင်စီးအပြေး စစ်ရေးလေ့ကျင့်ရင်း ရွာတစ်ရွာ၏တံခါးအနီး အရောက်၊ ရွာထဲမှ ရုတ်တရက်ရွာပြင်ထွက်လာသော ဆီသည်မ အမျိုးသမီးနှင့် တည့်တည့်ထိပ်တိုက် ရင်ဆိုင်မိသည်။ ဆီသည်မ ရပ်လျက်နေသည်။

အရှိန်ပြင်းစွာ စီးနှင်လာသော ဆင်ကို စစ်သူကြီး ဝန်ကြီးဗညားကျန်းတောက ကျင်လည်စွာ ချွန်းအုပ်လိုက်နိုင်သဖြင့် ထိုအမျိုးသမီးနှင့် တစ်လံအကွာ၌ (ဘရိတ်အုပ်လိုက်သလို ခြေလေးချောင်း အရှိန်သတ်၍) ရပ်တန့်လိုက်၏။ ဝန်ကြီးကျေနပ်စွာ ပြုံးသည်။

အမျိုးသမီး မျက်နှာမပျက်။ ကြောက်ရွံ့ထိတ်လန့်မှုမျိုးမတွေ့ရ။ ဆင်ပေါ်ရှိလူကို ရဲရဲ မော်ကြည့်နေသည်။

"ဟဲ့....သူငယ်မ၊ ငါဆင်စီးကျွမ်းသဖြင့် နင့်ကို ဆင်နင်းမခံရ။ ကျေးဇူးတင်ကြောင်းမျှ ပြောဖော်မရပါကလား"

ဆီသည်မ မိန်းကလေးက ခပ်မာမာပင် ပြန်၍ဖြေသည်-"ကျွမ်းကျင်ရာ လိမ္မာကြသာပဲ့တော်"

ဤနေရာမှ ခွာခဲ့သည်။ ဝန်ကြီးအိမ်ပြန်ရောက်သော်လည်း ထိုစကားကို နားခါးသည်။ စိတ်မျက်သည်။ အစေအပါးတို့ကိုခေါ်၍ ထိုရွာ၊ ထိုသူကြီးအပိုင်က ထိုအရပ်ရှိ ထိုဆီသည်မ ခေါ်လာစေ။

ဝန်ကြီးက "သူငယ်မ သင်ဆိုခဲ့တဲ့ ကျွမ်းကျင်ရာ လိမ္မာကြတာပဲဆိုတာ ဘာကိုဆိုလိုသလဲ။ ဖြေစမ်းပါဦး" မေးတော်မူရာ

"ဟောဒီ ထန်းစေ့မှုတ်ဖြင့် ဟောဒီဘူးသီး ခြောက်အပေါက်ထဲသို့ ဤဆီအိုးမှ ဆီကိုထည့်စမ်းကြည့်ပါ" ဆိုလေ၏။

လုပ်ကြည့်ရာ ဆီများဘေးသို့သာ ဖိတ်ကျ၏။ ဘူးဝကျဉ်းကျဉ်းထဲ အနည်းငယ်မျှသာဝင်၏။ ဆီသည်မက "ဟောသည်မှာ ကြည့်ပါရှင်" ဆိုကာ ဆီတစ်မှုတ်ပြီးတစ်မှုတ်မြှောက်၍ လောင်းထည့်ရာ ဘူးပေါက်ဝလေးထဲသို့ လျှောခနဲ လျှောခနဲ ဝင်လေသည်။ ဝန်ကြီး ကိုယ်တွေ့သဘောပေါက်သွားသည်။

"ဆင်စီးချွန်းကိုင်အတတ်ကို ကျွမ်းကျင်တတ်မြောက်ပြီးသော စစ်သူကြီး၊ စစ်သူရဲမို့သာ ဆင်စီးလေ့ကျင့်သည့် ဝန်ကြီးဖြစ်၍ ချွန်းကို နိုင်နင်းသလို ဆင်ကိုလည်း နိုင်နင်းမည်ကို သံသယမရှိ။ မစိုးရိမ်မိပါဟု ဆိုလိုပါကြောင်းဘုရား" ဟု ရိုသေစွာ ဖြေကြားလေသည်။

ဝန်ကြီးဗညားကျန်းတောလည်း နှစ်သက်သဘောကျသဖြင့် အဝတ်အထည်၊ စားဖွယ်၊ ဆုလာဘ်ပေးသနားလေသည်။ နိဂုံးချုပ်ပါမည်။ ဤကဲ့သို့ ဖြောင့်မတ်မှန်ကန်၍ တရားမျှတသော ဝန်ကြီး ဗညားကျန်းတောသည် တစ်ခါက သြဇာစေ့ အကြောင်းပြုကာ အမွေမှု၊ ငွေအမှု ရင်ဆိုင်နေကြသော နှစ်ပေါင်း ရှစ်နှစ်ကျော်ကာလကြာအောင် မပြီးပြတ်သည့် "သြဇာသီးအမှု၊ တရားမမှု"ကို ပါဝင်ပတ်သက်သူ တရားပြိုင် နှစ်ဦးစလုံး သတ်စေဟု ဆုံးဖြတ်ပေးခဲ့လိုက်သည်ဆို၏။ ထိုအချိန်မှစ၍ တရားမမှု အမှုခင်းများ အမှုပွေ့ အမှုရှည်ကာ အချိန်ကာလရှည်ကြာ၊ အချိန်ဆွဲနေလေ့ရှိသော ထိုထို တရားပြိုင်၊ ရှေ့နေ၊ တရားသူကြီးတို့ ထိတ်လန့်ကြောက်ရွံ့ပြီး မသမာအဂတိစားခဲ့ခြင်းများ လုံးဝနီးနီး ကင်းရှင်းသွားလေသတည်း။ ကြီးသော အမှုကို ငယ်စေ၊ ငယ်သော အမှု . . .။ ။

> **ဖြောင့်မတ်မှန်ကန်၍ တရားမျှတသော ဝန်ကြီးဗညားကျန်းတောသည် တစ်ခါက သြဇာစေ့အကြောင်းပြုကာ အမွေမှု၊ ငွေအမှုရင်ဆိုင်နေကြသော နှစ်ပေါင်း ရှစ်နှစ်ကျော်ကာလကြာအောင် မပြီးပြတ်သည့် "သြဇာသီးအမှု၊ တရားမမှု"ကို ပါဝင်ပတ်သက်သူ တရားပြိုင် နှစ်ဦးစလုံး သတ်စေဟု ဆုံးဖြတ်ပေးခဲ့လိုက်သည်ဆို၏။ ထိုအချိန်မှစ၍ တရားမမှု အမှုခင်းများ အမှုပွေ့ အမှုရှည်ကာ အချိန်ကာလရှည်ကြာ၊ အချိန်ဆွဲနေလေ့ရှိသော ထိုထိုတရားပြိုင်၊ ရှေ့နေ၊ တရားသူကြီးတို့ ထိတ်လန့်ကြောက်ရွံ့ပြီး မသမာအဂတိစားခဲ့ခြင်းများ လုံးဝနီးနီး ကင်းရှင်းသွားလေသတည်း။ ကြီးသော အမှုကို ငယ်စေ၊ ငယ်သော အမှု . . .။**

## အလုပ်တွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရွှေနိုင်ငံပုံနှိပ်လုပ်ငန်းစု Best Colour Co.,Ltd. မှ အာမခံအလုပ်သမားနှစ်ဦးသည် ၂၀၂၂ ခုနှစ် မေ ၃၁ ရက်တွင် ရွှေနိုင်ငံဆိုင်ခွဲသစ် ဖွင့်လှစ်သည့်နေရာ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာဆိုင်သို့ သွားရောက်လုပ်ကိုင်ခဲ့ပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ရွှေနိုင်ငံပုံနှိပ်လုပ်ငန်းစု Best Colour Co.,Ltd. စက်ရုံသို့ အပြန် ယာဉ်တိုက်မှုဖြစ်၍ သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၇) ရွှေနိုင်ငံပုံနှိပ်လုပ်ငန်းစု Best



Colour Co.,Ltd. ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေး တာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူးက ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် ရွှေနိုင်ငံပုံနှိပ်လုပ်ငန်းစု Best Colour Co.,Ltd. မှ အာမခံအလုပ်သမား ဦးရာဇာဖြိုး အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၂၈၀၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်မိမိခိုင် အားလည်းကောင်း၊ အာမခံအလုပ်သမား ဦးအောင်မျိုးသူ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၁၀၀၈၀၀၀၀ ကို ဖခင်ဖြစ်သူ ဦးခိုင်စိုး အားလည်းကောင်း စုစုပေါင်း ကျပ် ၃၈၈၈၀၀၀၀ ကို အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ ရှေ့မှောက်တွင် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

၂၂၂

■

## အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

အင်းစိန်မြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် အထက(၆)ရှိ ပညာတံခွန်ခန်းမ၌ ကျင်းပသည်။ ကြိုဆိုပွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) ကျောင်းအုပ်ဆရာကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယနှစ်နှင့် ပထမနှစ် ကျောင်းသား ကျောင်းသူများက Group Song ဖြင့် တင်ဆက်ဖျော်ဖြေခြင်း၊ မောင်မယ်သစ်လွင် King/ Queen ရွေးချယ်ပွဲများ ပြုလုပ်ပြီးနောက် မောင်မယ်သစ်လွင်မှ King/Queen ချီးမြှင့်အပ်နှင်းခံရသည့် ကျောင်းသား ကျောင်းသူ စာရင်းထုတ်ပြန်ကြေညာခြင်းနှင့် သရဖူ/စလွယ်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဥာဏ်ဟိန်း**



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများ

လင်းလက်

> အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International -TI) က ၂၀၂၁ ခုနှစ်အတွက် ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ရမှတ်များကို ထုတ်ပြန်ခဲ့ရာတွင် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်ခန့်က ရမှတ် ၁၇ မှတ်သာ ရှိနေရာမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် ရမှတ် ၃၈ မှတ်ဖြင့် အာဆီယံ ၁၀ နိုင်ငံအတွင်း အဆင့် ၄ အထိ တက်ရောက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်း တားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အသိပညာပေးရေးစသည့် နယ်ပယ်အသီးသီး တို့တွင် ဟန်ချက်ညီညီ ဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်

### လေ့လာဖွယ်ရာ

အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) သို့ အဖွဲ့ဝင်အဖြစ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဝင်ရောက်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအဖွဲ့ (Transparency International -TI) က ၂၀၂၁ ခုနှစ်အတွက် ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ရမှတ်များကို ထုတ်ပြန်ခဲ့ရာတွင် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၀ ပြည့်နှစ်ခန့်က ရမှတ် ၁၇ မှတ်သာ ရှိနေရာမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်တွင် ရမှတ် ၃၈ မှတ်ဖြင့် အာဆီယံ ၁၀ နိုင်ငံအတွင်း အဆင့် ၄ အထိ တက်ရောက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်း တားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အသိပညာပေးရေးစသည့် နယ်ပယ်အသီးသီးတို့တွင် ဟန်ချက်ညီညီ ဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း လေ့လာသင့်သည်များ လေ့လာနိုင်ရန် စုစည်းရေးသားပြုစု တင်ပြရခြင်းဖြစ်ပါသည်။

### အဓိကတာဝန်ယူ

အင်ဒိုနီးရှားနိုင်ငံတွင် အများပြည်သူ အကျိုးစီးပွားနှင့်ဆက်နွယ်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရသည့် အရာရှိများ၏ လာဘ်ပေးလာဘ်ယူမှုများကို လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးဥပဒေ (၁၉၈၀) အရလည်းကောင်း၊ အဂတိလိုက်စားမှုများကိုမူ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (၂၀၀၁) အရလည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိရာ အဓိက တာဝန်ယူကိုင်တွယ်ဖြေရှင်းရသည့် ဌာနများမှာ ရဲတပ်ဖွဲ့၊ ရှေ့နေချုပ်ရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (the Corruption Eradication Commission-KPK) တို့ဖြစ်ပြီး KPK သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုပင် ဖြစ်ပါသည်။

### KPK အကြောင်း

KPK သည် ၂၀၀၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို (၁) အသိပညာပေးခြင်းနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်စေရေးဆောင်ရွက်ခြင်း၊ (၂) အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊ (၃)ဥပဒေအာဏာသက်ရောက်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ (၄) ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် (၅) သတင်းအချက်အလက်များ ဖြန့်ဝေခြင်း စသည့်လုပ်ငန်းဧရိယာ ငါးခုဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဧရိယာ တစ်ခုစီအတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဦးဆောင်၍ ၎င်းအောက်တွင် အထောက်အကူပြုရုံးများအဖြစ် အတွင်းရေးမှူးရုံးအဖွဲ့များ ထားရှိကာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။

KPK ကို ကော်မရှင်ဥက္ကဋ္ဌတစ်ဦးနှင့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ လေးဦး စုစုပေါင်း ငါးဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကော်မရှင်အဖွဲ့ဝင်များသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိများဖြစ်ကာ ဆုံးဖြတ်ချက်များကိုမူ အဖွဲ့ဝင်များ၏ စုပေါင်းဆွေးနွေးမှုဖြင့်သာ ဆောင်ရွက်ကြပါသည်။ ကော်မရှင်အဖွဲ့ဝင်များ၏ သက်တမ်းသည် လေးနှစ်ဖြစ်ပြီး အဖွဲ့ဝင်များအနေဖြင့် သက်တမ်းတစ်ကြိမ်သာ ထပ်မံရွေးကောက်ခံခွင့်ရှိပါသည် (သက်တမ်းနှစ်ခုသာ တာဝန်ထမ်းဆောင်နိုင်သည့် သဘောပင်ဖြစ်ပါသည်)။

### အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်း

KPK အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၂) အရ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ မူဝါဒ၊ လုပ်ငန်းစဉ်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ အဂတိလိုက်စားမှု တားဆီးခြင်း၊ ပိုင်ဆိုင်မှုကြေညာလွှာ တင်သွင်းခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကိုဗစ်-၁၉ အကျပ်အတည်းကာလ ကျန်းမာရေးကဏ္ဍတွင် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးအကူအညီ အထောက်အပံ့ပေးခြင်းဆိုင်ရာစာရင်းများနှင့် အခြားဆောင်ရွက်နေမှုများကို ဝင်ရောက်ကြည့်ရှုနိုင်မည့် Jaringan Pencegahan Korupsi (Corruption Prevention Network) ကို ၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်နိုင်ခဲ့ပြီး အဂတိလိုက်စားမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားနိုင်သည့် စနစ်ကိုပါ ထည့်သွင်းနိုင်ခဲ့သဖြင့် (World Justice Project 2021) ဆုကို အဆိုပါအစီအစဉ်က ရရှိခဲ့ပါသည်။

### ပိုင်ဆိုင်မှုကြေညာခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ခြင်း

အင်ဒိုနီးရှားနိုင်ငံ စီမံခန့်ခွဲမှုနှင့် အစိုးရယန္တရားပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက် ၁/၂၀၁၅ အရ နိုင်ငံ့ဝန်ထမ်းများကလည်းကောင်း၊ ၂၀၀၈ ခုနှစ် သမ္မတနှင့် ဒုတိယသမ္မတ ရွေးကောက်တင်မြှောက်ခြင်းဥပဒေ၊ ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ညွှန်ကြားချက် (၁၅/၂၀၁၇) ပါ ညွှန်ကြားချက်များနှင့်အညီ သမ္မတ၊ ဒုတိယသမ္မတ အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရွေးကောက်ခံကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း ပိုင်ဆိုင်မှုကြေညာခြင်းကို ဆောင်ရွက်ကြရပါသည်။ ကြေညာရန်သတ်မှတ်ထားသည့်အချက်အလက်များကို လေ့လာကြည့်ပါက အကျိုးစီးပွားပဋိပက္ခဖြစ်မှုဆိုင်ရာ အချက်အလက်များကို ကောက်ယူထားသည်ကို တွေ့ရှိရပြီး ထိပ်ပိုင်းအဆင့် ခေါင်းဆောင်များနှင့် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများသည့် ရာထူးနေရာများတွင် တာဝန်ယူဆောင်ရွက်နေရသူများကို အဓိကထားသည်ကို တွေ့ရှိရပါသည်။ နည်းပညာအခြေပြုစနစ်ကို အသုံးပြုပြီး ကြေညာလွှာတင်သွင်းသူများအနေဖြင့် သက်ဆိုင်ရာ ဝက်ဘ်ဆိုက်မှ တစ်ဆင့် ကြေညာလွှာ တင်သွင်းရပါသည်။

### အရေးယူဆောင်ရွက်ခြင်း

၂၀၀၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အဂတိလိုက်စားမှုများဖြင့် အရေးယူဆောင်ရွက်ခဲ့မှုအခြေအနေများကို လေ့လာကြည့်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ် ၂၈၃ ဦး၊ ဝန်ကြီးနှင့်ဝန်ကြီးအဆင့် ၃၂ ဦး၊ အစိုးရတာဝန်ရှိ အကြီးအကဲ ၂၂ ဦး၊ မြို့တော်ဝန်/ဒေသအကြီးအကဲ ၁၄၁ ဦး၊ ကော်မရှင်အဖွဲ့ဝင်အဆင့်ရှိသူ ခုနစ်ဦး၊ သံအမတ် လေးဦး၊ တရားသူကြီး ၂၂ ဦး၊ အဆင့်မြင့်ရဲအရာရှိ သုံးဦး၊ တရားစွဲအရာရှိ ၁၀ ဦး၊ အဆင့်မြင့်အရာရှိ ၂၄၄ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ ၃၅၆ ဦး၊ ကော်ပိုရေးရှင်းများမှ တာဝန်ရှိသူ ခုနစ်ဦး၊ ဥပဒေအရာရှိ ၁၃ ဦးနှင့် အခြားပုဂ္ဂိုလ် ၁၇၉ ဦး စုစုပေါင်း ၁၃၃၃ ဦးကို အဂတိလိုက်စားမှုများဖြင့် အရေးယူ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် တစ်နှစ်တည်းတွင် လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦး၊ အစိုးရတာဝန်ရှိ အကြီးအကဲ တစ်ဦး၊ မြို့တော်ဝန်/ဒေသအကြီးအကဲ ၁၂ ဦး၊ အဆင့်မြင့်ရဲအရာရှိ တစ်ဦး၊ တရားစွဲအရာရှိ ၁၀ ဦး၊ အဆင့်မြင့်အရာရှိ ကိုးဦး၊ ပုဂ္ဂလိကကဏ္ဍမှ ၂၇ ဦး၊ ကော်ပိုရေးရှင်းများမှ တာဝန်ရှိသူ တစ်ဦး၊ ဥပဒေအရာရှိ တစ်ဦးနှင့် အခြားပုဂ္ဂိုလ် ခြောက်ဦး စုစုပေါင်း ၇၁ ဦးကို အဂတိလိုက်စားမှုများဖြင့် အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

### ဝန်ကြီးအဆင့်ရှိသူများနှင့် အခြားအဆင့်မြင့် အရာရှိကြီးများကို အဂတိလိုက်စားမှုဖြင့် အရေးယူခြင်း

အင်ဒိုနီးရှားနိုင်ငံ The Glokar Party စီနီယာအဖွဲ့ဝင်တစ်ဦးဖြစ်သူ လွှတ်တော်ဒုတိယဥက္ကဋ္ဌ Azis Syamsuddin သည် ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း Lampung စီရင်စု Lampung ခရိုင်အတွက် ဘဏ္ဍာငွေခွဲဝေချထားမှုများတွင် အဂတိလိုက်စားမှု ကျူးလွန်ထားခြင်းနှင့် အဆိုပါအမှုများအတွက် KPK စုံစမ်းစစ်ဆေးရေး အရာရှိဖြစ်သူ Stepanus Robin Pattuju ကို ရူပီး သုံးဘီလီယံခန့် လာဘ်ပေးထားခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် တရားရုံးက ထောင်ဒဏ် သုံးနှစ်နှင့် ခြောက်လ ချမှတ်ခဲ့ပါသည်။

လူမှုရေးဝန်ကြီးဟောင်းဖြစ်သူ Juliari Batubara သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလ အကျပ်အတည်း ရင်ဆိုင်ကြုံတွေ့နေရသည့် ဝင်ငွေနည်းပါးသည့် မိသားစုဝင်များသို့ ကူညီထောက်ပံ့ပေးရေး အစီအစဉ်တွင် တင်ဒါအောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်ထံမှ တံစိုးလက်ဆောင်အနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ သန်းနှင့် ညီမျှသည့် အင်ဒိုနီးရှားငွေ ရူပီး ၃၂ ဒသမ ၂ ဘီလီယံ လက်ခံရယူခဲ့ခြင်းနှင့် အခြားလုပ်ငန်းရှင်များထံမှလည်း အစားအသောက်၊ စားသုံးဆီနှင့် အခြားအထောက်အပံ့ပစ္စည်းများ ပါဝင်သည့် Package တစ်ခုချင်းစီအတွက် ရူပီး ၁၀၀၀၀ စီ လက်ခံရယူခြင်းတို့နှင့်စပ်လျဉ်း၍ ၂၃-၈-၂၀၂၁ ရက်နေ့တွင် ဂျကာတာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တရားရုံးမှ ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ပါသည်။ ထို့အပြင် တရားရုံးမှ အမေရိကန်ဒေါ်လာ တစ်သန်းနှင့် ညီမျှသည့် အင်ဒိုနီးရှားရူပီး ၁၄ ဒသမ ၆ ဘီလီယံကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန်နှင့် ပျက်ကွက်ပါက ထောင်ဒဏ် နှစ်နှစ် ထပ်မံကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

ရေကြောင်းရေးရာနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဟောင်းဖြစ်သူ Edhy Prabowo အနေဖြင့် ပြည်ပတင်ပို့ရောင်းချခြင်း (ပုစွန်) လုပ်ငန်းများနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဇူလိုင်လက ထောင်ဒဏ် ငါးနှစ်နှင့် ဒဏ်ကြေး ရူပီးသန်း ၄၀၀ ချမှတ်ခံခဲ့ရပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဂျကာတာ အယူခံတရားရုံးက ထောင်ဒဏ် လေးနှစ်ထပ်တိုးကာ စုစုပေါင်း ထောင်ဒဏ် ကိုးနှစ်နှင့် ဒဏ်ကြေး ရူပီးသန်း ၄၀၀ အပြင် ထပ်ဆောင်း ရူပီး ၉၆၈၇ သန်းနှင့် ဒေါ်လာ ၇၇၀၀၀ ထပ်မံပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပါသည်။

ထို့အပြင် ၂၀၁၉ ခုနှစ်တွင် လူမှုရေးဝန်ကြီးဟောင်းဖြစ်ခဲ့သူ Idrus Marham ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဟောင်းဖြစ်သူ Imam Nahrawi ကိုလည်းကောင်း အဂတိလိုက်စားမှုများဖြင့် အရေးယူခဲ့သဖြင့် သမ္မတ Joko Widodo လက်ထက်တွင် ဝန်ကြီး လေးဦးကို အဂတိလိုက်စားမှုများဖြင့် အရေးယူထားသည်ကိုလည်း တွေ့ရှိရပါသည်။ အဆိုပါ ဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုပါက KPK အနေဖြင့် နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့သူ အများအပြားကို အရေးယူနိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

### နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု

ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပြီး ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးနိုင်ရေးတို့အတွက် ၂၀၁၉ ခုနှစ်အတွင်းတွင် နိုင်ငံအချင်းချင်း အပြန်အလှန် အကူအညီပေးရေး သဘောတူညီမှုစာချုပ်(MLA) များကို

စာမျက်နှာ ၁၁ သို့

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ နှစ်(၅၀)ပြည့် ရွှေရတုတိုင်းနှစ်ပတ်လည်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ နှစ်(၅၀)ပြည့် ရွှေရတုတိုင်းနှစ်ပတ်လည်နေ့ကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၁–၂၀၂၂ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများ၊ သင်တန်းထူးချွန်ဆု ရရှိခဲ့သော စစ်သည်များ၊ အိမ်ထောင်သည်လိုင်း ဘက်စုံထူးချွန်ဆု၊ စိုက်ပျိုးရေးထူးချွန်ဆု၊ မွေးမြူရေးထူးချွန်ဆုနှင့် သန့်ရှင်းရေးထူးချွန်ဆု ရရှိသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အကြောင်း မိတ်ဆက်ရှင်းလင်း

**လားရှိုး ဇူလိုင် ၂၇**

တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အကြောင်း မိတ်ဆက်ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လားရှိုးခရိုင် တရားသူကြီး ဦးဝင်းကိုကိုက ဦးဆောင်ရှင်းလင်းခဲ့ပြီး လားရှိုးခရိုင်တရားသူကြီး ဦးဝင်းကိုကိုက တရားမမှုများမှ ငွေကြေးဆိုင်ရာအမှု၊ မိသားစုဆိုင်ရာ၊ အိမ်ထောင်ရေးဆိုင်ရာ၊ အမွေဆက်ခံခြင်းဆိုင်ရာအမှု၊ ကုန်သွယ်မှုဆိုင်ရာအမှုများမှ တရားလိုတရားပြိုင်တို့ နှစ်ဦးနှစ်ဖက်ပြေလည်မှုရစေရန် စေ့စပ်ညှိနှိုင်းပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မိတ်ဆက်ရှင်းလင်းပွဲသို့ လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ သိန္နီ၊ ကွမ်းလုံ၊ မိုင်းရယ်နှင့် တန့်ယန်းမြို့နယ်များမှ တရားသူကြီးများ၊ လားရှိုးခရိုင်ဥပဒေအရာရှိ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ လားရှိုးရှေ့နေအသင်းမှ ရှေ့နေများ တက်ရောက်ကြသည်။

ယခုအခါတွင် တရားစီရင်ခြင်း တာဝန်ထမ်းဆောင်ရသည့် တရားသူကြီးများအပြင် စေ့စပ်ဖြေရှင်းရေးအရာရှိများကို သီးခြားတာဝန်ပေးအပ်ထားပြီး ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ ပြည်နယ်တရားရုံးတွင် စေ့စပ်ညှိနှိုင်းရေးအရာရှိတစ်ဦး ခန့်ထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် သီးခြားရုံးခန်းဖွင့်လှစ်ထားပေးပြီး တရားစီရင်သည့် တရားခွင်လုပ်ငန်းစဉ်များ မတူညီကြောင်း၊ တရားမမှုမှ တရားလိုတရားပြိုင် နှစ်ဖက်စလုံး လာရောက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာရှေ့နေများ၊ အခွင့်ရကိုယ်စားလှယ်လွှဲခံရသူများ ပါဝင်ဆွေးနွေးနိုင်ကြောင်း လုပ်ငန်းဆောင်ရွက်ချိန် တစ်လတာကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မမ(လားရှိုး)**

## ညောင်လေးပင်မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်လှုပ်ရှားမှု ပြုလုပ်

**ညောင်လေးပင် ဇူလိုင် ၂၇**

ပဲခူး တိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနရှေ့နှင့် မြို့မဈေးကြီးရှေ့၌ ယနေ့နံနက် ၉ နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**အသိပညာပေး**

အဆိုပါ နှာခေါင်းစည်းတပ်ဆင်လှုပ်ရှားမှု ပြုလုပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးဇော်မင်းယု၏ ဦးဆောင်မှုဖြင့် မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ သွားလာပါက ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ လက်ကို မကြာခဏဆေးကြောရန်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်တို့ကို အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်းတောင်းမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**ပန်းတောင်း ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပန်းတောင်းမြို့မဈေးကြီးနှင့် လူစည်ကားရာလမ်းဆုံတို့တွင် နှာခေါင်းစည်း တပ်ဆင်ရေး လှုပ်ရှားမှုများ ပြုလုပ်သည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုတွင် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပန်းတောင်းမြို့မဈေးကြီးနှင့် လူစည်ကားရာ ပန်းတောင်း – တောင်ကုတ်ကားလမ်းဆုံတို့တွင် မြို့နေပြည်သူများ နေအိမ်အပြင်သို့ ထွက်ခွာပါက နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်း၊ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ကြသည်။

**အောင်မြင့်(ပန်းတောင်း)**

■

■ **စာမျက်နှာ ၁၀ မှ**

ဆွစ်ဇာလန်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် လက်မှတ်ရေးထိုးခဲ့ရာ ယခုအချိန်အထိ MLA စာချုပ် စုစုပေါင်း ၁၁ ခုကို လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါသည်။ ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံ FBI၊ the Serious Fraud Office (UK)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Supervision၊ ထိုင်းနိုင်ငံ NACC နှင့် Ministry of Justice၊ နယ်သာလန်နိုင်ငံ Foreign Affairs and Interior and Kingdom Relations တို့နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်အတွင်း The Global Operational Network for Law Enforcement Authorities (GlobE Network) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် GlobE Network ၏ ပထမဦးဆုံးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

### လေ့လာသုံးသပ်

ခြုံငုံလေ့လာသုံးသပ်ကြည့်မည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အရေးယူဆောင်ရွက်မှုအပိုင်းတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးအဆင့်ရှိသူများကိုပါ ထိထိရောက်ရောက် အရေးယူနိုင်သည်ကို တွေ့ရှိရပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင်လည်း အမေရိကန်၊ ယူကေ၊ တရုတ်၊ နယ်သာလန်စသည့် နိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ ပိုင်ဆိုင်မှုကြေညာခြင်း လုပ်ငန်းစဉ်ကိုလည်း နည်းပညာအခြေပြုစနစ်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီဖြစ်သည်ကို တွေ့ရှိရပါသည်။

### နိုင်ငံတကာနှင့် မျက်ခြည်မပြတ်

မိမိတို့နိုင်ငံအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများ၏ ဆောင်ရွက်မှုများကို လေ့လာမှတ်သားကာ မိမိတို့နိုင်ငံအတွက် သင့်တော်သည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စနစ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံများတွင်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ၎င်းတို့နိုင်ငံအလိုက် ပြဋ္ဌာန်းထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူလျက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများနှင့်လည်း ပူးပေါင်းကာ နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုကို မျက်ခြည်မပြတ် လေ့လာလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား–**

- **အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဝက်ဘ်ဆိုက်**
- **Country Analysis on Asset Declarations System (Indonesia) – UNODC**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၇၆၂ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် **ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၇၆၂) ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၁၁,၇၉၈) ခုကိုစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၉၉၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများကို နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၈၄၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၀၇၂,၉၀၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၅,၉၇၄,၁၈၇) ဦးတို့ကို ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၇၇) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၉) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၆၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၉၀၇) ခု | (၂) ဦး |
| **စုစုပေါင်း** | **(၅,၇၆၂) ခု** | **(၁၁) ဦး** |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၆-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၀၇၂,၉၀၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၉၇၄,၁၈၇ |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၄၉၄၀၁၈ | ၈၇၆၄၈၈၃၈ | ၁၀၅၂၉၃၅ |
| ၂။ | အိန္ဒိယ | ၄၃၉၃၈၇၆၄ | ၄၃၂၆၇၅၇၁ | ၅၂၆၁၆၇ |
| ၃။ | ဘရာဇီး | ၃၃၆၆၀၆၀၈ | ၃၂၁၂၅၃၇ | ၆၇၇၅၆၃ |
| ၄။ | ပြင်သစ် | ၃၃၆၃၁၀၁၉ | ၃၁၆၆၁၆၆၃ | ၁၅၁၆၇၉ |
| ၅။ | ဂျာမနီ | ၃၀၅၉၈၃၈၅ | ၂၈၆၂၇၉၀၀ | ၁၄၃၅၄၅ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၅၆၆၅၈၈ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၇၇၂၈၃၃ | ၁၉၂၀၆၁၆၈ | ၁၇၁၃၃၂ |
| ၈။ | တောင်ကိုရီးယား | ၁၉၄၄၆၉၄၆ | ၁၈၄၆၆၅၂၈ | ၂၄၉၃၂ |
| ၉။ | ရုရှား | ၁၈၅၅၄၀၃၆ | ၁၇၉၅၃၄၄၅ | ၃၈၂၂၇၂ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၇၀၃၀၄ | ၉၈၇၄၀၇၅ | ၄၃၀၉၂ |
| ၂။ | အင်ဒိုနီးရှား | ၆၁၈၅၃၁၁ | ၅၉၈၂၃၄၇ | ၁၅၆၉၄၀ |
| ၃။ | မလေးရှား | ၄၆၅၉၇၁၀ | ၄၅၇၇၅၁၈ | ၃၅၉၃၂ |
| ၄။ | ထိုင်း | ၄၅၈၂၁၆၈ | ၄၅၂၆၆၉၁ | ၃၁၂၆၁ |
| ၅။ | ဖိလစ်ပိုင် | ၃၇၆၀၄၈၈ | ၃၆၇၂၀၄၀ | ၆၀၆၉၄ |
| ၆။ | စင်ကာပူ | ၁၆၇၇၁၂၆ | ၁၅၇၈၅၃၂ | ၁၄၈၇ |
| ၇။ | မြန်မာ | ၆၁၃၉၉၁ | ၅၉၂၈၄၈ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၉၆၃ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၀၁၈၅၇ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၆၃၁ | ၁၃၃၄၂၁ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှတင်သွင်းပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယူဂန္ဒာနိုင်ငံသို့ မျောက်ကျောက်ရောဂါစစ်ဆေးရေးကိရိယာ ၂၄၀၀ လှူဒါန်း




ကမ်ပါလာ ဇူလိုင် ၂၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ယူဂန္ဒာနိုင်ငံ၏ မျောက်ကျောက်ရောဂါကူးစက်မှုကို တုံ့ပြန်ရေးအတွက် အကူအညီပေးရန် ယူဂန္ဒာနိုင်ငံသို့ မျောက်ကျောက်ရောဂါ စစ်ဆေးရေးကိရိယာ ၂၄၀၀ ကို ဇူလိုင် ၂၇ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

**လွှဲပြောင်းပေးအပ်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ယူဂန္ဒာနိုင်ငံ၏ မျောက်ကျောက်ရောဂါ စမ်းသပ်စစ်ဆေးမှု စွမ်းဆောင်ရည်ကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် အထောက်အပံ့များ ပေးအပ်သွားမည်ဟု ကတိပြုပြောကြားလျက် အဆိုပါမျောက်ကျောက်ရောဂါစစ်ဆေးရေးကိရိယာများကို ယူဂန္ဒာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ် ဝိုလ်ဒီမာရီယမ်က ယူဂန္ဒာကျန်းမာရေးဝန်ကြီး ရှသ်အက်ဆန်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ယူဂန္ဒာနိုင်ငံ၌ လက်ရှိတွင် လူပေါင်း ၇၀ အား မျောက်ကျောက်ရောဂါ စမ်းသပ်စစ်ဆေးခဲ့ရာ စမ်းသပ်မှုခံယူခဲ့သူ အားလုံးသည် ရောဂါပိုး မတွေ့ရှိရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မျောက်ကျောက်ရောဂါ စစ်ဆေးရေးကိရိယာများ လှူဒါန်းမှုကို ကျေးဇူးတင်ရှိပါကြောင်း ယူဂန္ဒာကျန်းမာရေးဝန်ကြီး ရှသ်အက်ဆန်းက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဇူလိုင် ၂၃ ရက်တွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်း ငလျင်လှုပ်ခတ်၊ နှစ်ဦးအနည်းဆုံးသေဆုံး

မနီလာ ဇူလိုင် ၂၇

ဖိလစ်ပိုင်နိုင်ငံ၌ အင်အား ၇ ဒသမ ၀ အဆင့်ရှိ ငလျင်တစ်ခု ယနေ့လှုပ်ခတ်ခဲ့ရာ အနည်းဆုံး နှစ်ဦးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၃ မိနစ်တွင် ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းသို့ ဗဟိုပြုလှုပ်ခတ်ခဲ့ပြီး ငလျင်ဗဟိုချက်အနီးဝန်းကျင်ရှိ လူနေအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ရသည်။ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် နောက်ဆက်တွဲငလျင်ငယ် အကြိမ်ပေါင်း ၁၂၀ ခန့် လှုပ်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများက ဆိုသည်။

ငလျင်လှုပ်ခတ်မှုသည် နိုင်ငံအတွင်းရှိ ခရိုင် ၁၅ ခု၊ မြို့တော် ၁၅ ခု၊ ရွာပေါင်း ၆၇၅၆ ရွာခန့် အထိ ထိခိုက်စေခဲ့ကြောင်း သိရသည်။ ငလျင်ဗဟိုချက်သည် တာယွမ်မြို့သို့ဦးတည် လှုပ်ခတ်ခဲ့ပြီး မြေအောက်အနက် ၁၇ ကီလိုမီတာခန့်ရှိကြောင်း သိရသည်။

မနီလာမြို့တော်ရှိ မီးရထားပြေးဆွဲမှုများ ယာယီဆိုင်းငံ့ထားပြီး ဒေသခံများအား ကယ်ဆယ်ရေးစခန်းများသို့ပို့ဆောင်ထားသည်။

အဆိုပါသေဆုံးသူနှစ်ဦးသည် ဘန်းဂွက်ခရိုင်မှ ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူအများစုမှာ အာဘရာခရိုင်မှဖြစ်သည်။

သို့သော် ဆူနာမီရေလှိုင်းသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိကြောင်း အာဏာပိုင်များက ဆိုသည်။

သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာက ငလျင်ဘေးသင့်ဒေသများသို့ သွားရောက်ကာ ဒေသခံများအား အားပေးစကား ပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ခရိုင်အတွင်းရှိ အာဘရာတက္ကသိုလ် အဆောက်အအုံအချို့ အပါအဝင် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်အများအပြားပျက်စီးခဲ့ရကြောင်း အာဘရာမြို့တော်ဝန် လာပက်ဇ်ကဆိုသည်။

၁၉၉၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက်တွင် လူဇွန်ခရိုင်အတွင်း အင်အား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ဒေသခံပြည်သူ ၁၂၀၀ ဝန်းကျင် သေဆုံးခဲ့ပြီး အဆောက်အအုံများနှင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ လောင်စာဆီဝယ်လိုအား ပမာဏ တန်ချိန် ၄ ဒသမ ၈ သန်းအထိရှိမည်

ဖနောင်ပင် ဇူလိုင် ၂၇

ကမ္ဘောဒီးယားနိုင်ငံ၏လောင်စာဆီဝယ်လိုအား ပမာဏသည် ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၄ ဒသမ ၈ သန်းအထိ တိုးတက်ရောက်ရှိမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီး ဆွယ်ဆန်က ယနေ့ပြောကြားသည်။

အဆိုပါဝယ်လိုအားပမာဏသည် ၂၀၄၀ ပြည့်နှစ်တွင် တန်ချိန် ၈ ဒသမ ၃ သန်းသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ယခုကဲ့သို့လောင်စာဆီဝယ်လိုအားပမာဏမြင့်တက်လာသဖြင့် လောင်စာဆီကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် များပြားလာမည်ဟု သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဓာတ်ဆီနှင့် ဒီဇယ်များအား ဗီယက်နမ်၊ ထိုင်းနှင့်စင်ကာပူနိုင်ငံတို့မှ တင်သွင်းကာသုံးစွဲနေကြောင်း သိရသည်။ ယခုနှစ် ပထမငါးလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပမှ ဓာတ်ဆီနှင့် ဒီဇယ်ဝယ်ယူသုံးစွဲရာတွင် အမေရိကန်ဒေါ်လာ ၉၇၁ သန်းသုံးစွဲခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ဓာတ်ဆီတစ်လီတာဈေးနှုန်းသည် ကမ္ဘောဒီးယား ရီယယ်ငွေ ၄၈၀၀ ဖြစ်ပြီး ဒီဇယ်တစ်လီတာဈေးနှုန်းသည် ရီယယ်ငွေ ၅၃၀၀ ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၅၉ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၂၇

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၅၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၆၅၉၇၁၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည် ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၇၅၆ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၉၃၂ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

သို့သော် လူနာ ၄၈၀၆ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၇၇၅၁၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၆၂၆၀ ရှိပြီး ၎င်းတို့အနက် ၅၂ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၂၈ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်သည်။

ထို့ပြင် သုည ဒသမ ၉ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းကျော် ထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၂၇

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၂၈၅ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၄၄၆၉၄၆ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ နိုင်ငံအတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်သူအရေအတွက် မြင့်တက်နေပြီး ပြီးခဲ့သည့်သီတင်းပတ်က ရောဂါကူးစက်ခံရသူအရေအတွက် ၇၆၃၇၉ ဦး ထိမြင့်တက်နေကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ နေ့စဉ် ပျမ်းမျှရောဂါကူးစက်သူအရေအတွက်သည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ၇၂၇၃၅ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၄၂၆၈၃ ဦးတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိရပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၉၃၂ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ ထိန်းချုပ်ဓာတုပစ္စည်း၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၄ ရက်နှင့် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၁၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ထိန်းချုပ် ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် အိတ် ၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၁၆၁၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

### ဖမ်းဆီးရမိ

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကလေးခေါင်းလျှော်ရည်ဘူးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ခရီးသည်တင်မှန်လုံယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၁၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ထီးတန်းဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲခရိုင် ဂွမြို့နယ် ဆပ်သွားချောင်းကျောင်းတောင်ရွာအနီး ဖုန်းဆိုးဆိပ်ကမ်း၌ တရားမဝင် တောင်သရက်ခွဲသား ၅ ဒသမ ၂၁၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၇၅၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရိုးမကြိုးပြင် ကာကွယ်တောအတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၇ ဒသမ ၄၃၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၇၃၆၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဘုရားကြီးတိုးဂိတ် အနီး ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၁၀၁၃၆၀) ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၇၃၇၁၁၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၇

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ--- ၂၉ နှစ်ကို ရည်းစားဖြစ်သူ ထန်းတပင်မြို့နယ်နေ စိုးထွန်းအောင်မှ မန္တလေးမြို့သို့ သွားရောက်အလုပ်လုပ်ကိုင်မည်၊ လက်ထပ်ပေါင်းသင်းနေထိုင်မည်ဟု ပြောဆိုစည်းရုံး၍ စိုးထွန်းအောင်နှင့် ၎င်း၏သူငယ်ချင်းဖြစ်သူ အောင်အောင်တို့မှ မူဆယ်မြို့မှတစ်ဆင့် ရွှေလီမြို့သို့ ခေါ်ဆောင်သွားပြီး တရုတ်အမျိုးသားထံ ယွမ် ၃၀၀၀၀ ဖြင့် ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်းက (ပ)၃၈၃၅/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၂ ရက်တွင် တရားခံ စိုးထွန်းအောင်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်နေ မ-- ၁၉ နှစ်ကို တစ်မြို့တည်းနေ ဒေါ်စိန်ငွေး၊ မစပ်စုမ(ခ)သဲနု(ခ) မီမီဝင်းငွေး၊ ရှမ်းလေး (ခ) ရဲထွဋ်၊ ကျော်ထွန်းဦး (ခ) ဦးထွေးနှင့် ဆောင်းနှင်းဝေတို့ငါးဦးမှ အငှားကိုယ်ဝန်ဆောင်သည့် အလုပ်လုပ်ပါက တစ်နှစ်လျှင် ကျပ်သိန်း ၅၀ ရမည်ဟု ပြောဆိုစည်းရုံးပြီး မူဆယ်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံ ကွမ်တုံမြို့ရှိ တရုတ်အမျိုးသားထံ ယွမ် ၁၅၀၀၀၀ ဖြင့် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် သီပေါမြို့မရဲစခန်းက (ပ)၉၈/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က) ဖြင့် အမှုရေးဖွင့်၍ ကျောက်မဲခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၂ ရက်တွင် တရားခံ ဒေါ်စိန်ငွေး၊ မစပ်စုမ(ခ) သဲနု(ခ)မီမီဝင်းငွေးနှင့် ရှမ်းလေး(ခ)ရဲထွဋ်တို့ သုံးဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

## တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၅၄၀၀ ကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၈ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံကျေးရွာအနီးတွင် စိုင်းရီ(ခ)အိုက်ရီနှင့် အိုက်နွန်း(ခ)စိုင်းနွန်းတို့ နှစ်ဦး မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသည့် အိုက်စ်(မက်သ်အဖက်တမင်း) ၅၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆ နာရီတွင် တာချီလိတ်မြို့နယ် ဝမ်ဟောင်ကျေးရွာနေ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ နွဲ့ယီ၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ နွဲ့ယီနှင့် စိုင်းလုံတို့ကို အိုက်စ်(မက်သ်အဖက်တမင်း) ၁၇ ကီလိုနှင့်အတူ ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့နယ်၊ တောင်ငူမြို့နှင့် လှိုင်လင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၇

မြိတ်မြို့နယ်၊ တောင်ငူမြို့နှင့် လှိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် ည ၉ နာရီတွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် နောက်လယ်ကမ်းနားလမ်းတွင် မောင်တိုး (ခ) ဖိုးတိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၁၀ နာရီခွဲတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကွမ်းသီးချောင်းကျေးရွာ သိရီမင်္ဂလာလမ်းနေ အောင်စိုးဦးနှင့်ဇနီးဖြစ်သူ မသဲမော်တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းတို့အား မတွေ့ရှိဘဲ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ အလားတူ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့ အမှတ်(၂၃)ရပ်ကွက် တောင်ငူ-သံတောင်သွား ကားလမ်းတွင် ကျော်ကျော်(ခ) ကိုဘန်းကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၅၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် ပင်လုံ (အရှေ့)ကျေးရွာအုပ်စု ကျူရုံးကျေးရွာအနီး ပင်လုံ-လဲချားသွား ကားလမ်းတွင် စိုင်းအာစိန္ဒ (ခ)အောင်ဖူး မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၁ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၂၇

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမ များသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များ အပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည် ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုတို့အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ဆင်ချောင်ကျေးရွာနေ လဲ့လဲ့ဝင်းသည် ၎င်းအသုံးပြုသည့် "SANN LAY" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၅)ရပ်ကွက်နေ ထွန်းအောင်သူ(ခ) တက်တိုးသည် ၎င်းအသုံးပြုသည့် "Htun Aung Thu" Facebook အကောင့်၊ ပြည်မြို့နယ် ရွာဘဲကျေးရွာနေ ဘိုဘိုထွန်းသည် ၎င်းအသုံးပြုသည့် "Bo Bo Htun" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၆) ရပ်ကွက်နေ နိုင်လတ်(ခ)ဘိုကျည်နှင့် ၎င်း၏ဇနီးဖြစ်သူ အေးအေးမင်း(ခ) ဘုတ်ဘုတ်တို့သည့် ၎င်းတို့အသုံးပြုသည့် "Naing Latt" Facebook အကောင့်နှင့် "Aye Aye Minn" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ချမ်းမြသာစည်မြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲ ကျင်းပ

မန္တလေး ဇူလိုင် ၂၇

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥက္ကဋ္ဌများကိုယ်စား အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး မျိုးဇင်က လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ တပ်ဖွဲ့စုမှူး ယာယီရဲမှူး ခင်မောင်သိန်းက ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၅၆ ဦး တက်ရောက်သည်။ သင်တန်းတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုအခြေအနေများ၊ လူကုန်ကူးမှုစိစစ် ဖော်ထုတ်သည့် မှတ်တမ်းပုံစံဖြည့်သွင်းမှုများ စသည်တို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြဝတီမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်း ဖွင့်လှစ်

မြဝတီ ဇူလိုင် ၂၇

မြန်မာ-ထိုင်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ကရင်ပြည်နယ် မြဝတီမြို့နယ်သည် နယ်စပ်ကုန်သွယ်ရေးမြို့ ဖြစ်သည့်အတွက် လူကုန်ကူးမှုအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရန်အတွက် ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြဝတီခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားပြီး အမှတ်(၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ဘားအံ)မှ ရဲမှူးတင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြဝတီခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်းသင်တန်းသား ၄၀ တို့အား သင်တန်းနည်းပြ သုံးဦးတို့က ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်ထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇူလိုင် ၂၇

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၉၀ | ၁၈၃၅ | ၁၈၃၀ | ၁၈၀၀ | ၁၈၃၅ | ၁၈၅၅ | ၁၈၄၅ | ၁၈၂၀ | ၁၉၁၅ | ၁၉၃၀ | ၁၈၂၅ | ၁၈၃၅ | ၁၈၇၀ | ၁၈၇၀ | ၁၈၇၅ | ၂၀၉၅ | ၂၆၂၀ |
| 95 Ron | ၁၈၅၅ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၀၀ | ၁၉၂၅ | ၁၉၁၀ | ၁၈၉၀ | ၁၉၈၀ | ၁၉၉၅ | ၁၈၉၅ | ၁၉၁၀ | ၁၉၄၀ | ၁၉၄၀ | ၁၉၄၀ | ၂၁၆၀ | ၂၆၇၅ |
| HSD (500 ppm) | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၁၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၅ | ၂၉၀၅ |
| HSD (50 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၃၅ |
| HSD (10 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၀ | ၂၂၇၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၁၅ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၉၈ | ၁၇၆၅ |
| 95 Ron | ၁၇၆၂ | ၁၈၃၁ |
| HSD (500 ppm) | ၁၉၇၉ | ၂၀၄၈ |
| HSD (50 ppm) | ၂၀၃၄ | ၂၁၀၄ |
| HSD (10 ppm) | ၂၀၃၄ | ၂၁၀၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## “ချစ်သူဆွဲအား ” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇူလိုင် ၂၇

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အဖြစ် တင်ဆက်မည့် “ချစ်သူဆွဲအား” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဇူလိုင် ၂၉ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေဝတ်လွှာ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် မိုးယံဇွန်၊ ချမ်းဟိန်းဝင်းထွန်း၊ သွန်းရွှေလျှံ၊ မယ်လိုဒီ၊ ဟန်သီ၊ သဥ္ဇာမြင့်မိုရ်၊ ခိုင်သဇင်ဦး၊ မေထူးကျော်၊ ယွန်းဝင့်လွှာအောင်နှင့် ပုလဲသန့်သွယ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဇူလိုင် ၂၇

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၇၆)ကို ဇူလိုင် ၂၉ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဇူလိုင် ၂၇

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားစေရန်အပြင် ဓာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။




အဆိုပါ (၃၈)ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာ ပါဝင်သည့် **ဂါရဝေါစ၊ နိဝါတောစ (ရိုသေထိုက်သူ ရိုသေခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း)** အစီအစဉ်ကို ဇူလိုင် ၃၀ ရက် (စနေနေ့)ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန် ရှုဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရွှေဘုန်းကံ၊ ဒိုးဇက်၊ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ ဓာတ်လင်းနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ဩဂုတ် ၃ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီ သတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

(ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

(ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

(င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၀ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သောပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကို မတင်ရ။

(စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

(ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

(ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့်ကိရိယာ မတပ်ဆင်ရ။

(ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

(ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

(ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။

(ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ညအချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်း ကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ် မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

(ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ငါးလုပ်ငန်းသင်တန်းကျောင်း(စစ်ကိုင်း)တွင် ငါးပုစွန်ရေထွက်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**စစ်ကိုင်း ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အရည်အသွေးထိန်းသိမ်းခြင်းနှင့် ငါးပုစွန်ရေထွက်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းဆိုင်ရာသင်တန်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ငါးလုပ်ငန်းသင်တန်းကျောင်း (စစ်ကိုင်းမြို့)တွင် ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးအောင်သန်းဦးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ပြီး ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူးက ဘေးဥပဒ်အန္တရာယ်ကင်းစင်ပြီး ဈေးနှုန်းချိုသာစွာ ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် အစားအစာဘေးကင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တတ်စေရေး အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတက္ကသိုလ် သတ္တဗေဒဌာနမှ ဆရာမများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀ တက်ရောက်၍ သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မအူပင်မြို့နယ် ပပင်ချောင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**မအူပင် ဇူလိုင် ၂၇**


မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၅ ရက်က မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု ပပင်ကျေးရွာ ပပင်ချောင်းသဘာဝရေပြင်အတွင်း၌ ဆောင်ရွက်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းကို မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မလက်တိုကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မအူပင်မြို့နယ် ခရေ ရေလုပ်သားအစုအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများပါဝင်၍ ပပင်ချောင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့သည်။

ထိုသို့ ငါးမျိုးစိုက်ထည့်ရာတွင် ငါးခုံးမကြီးကောင်ရေ တစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၀ ၊ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၀ စုစုပေါင်းကောင်ရေ သုံးသိန်းအား ငါးမျိုးစိုက်ထည့်ခဲ့သည်။

**သတင်းစဉ်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဂျာနယ်
ထွက်ရှိ



၁-၈-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၁၅)တွင်
- တိုးချဲ့စိုက်ပျိုးသင့်သည့် မြန်မာ့ကော်ဖီ
- ငရုတ်စိုက်ပျိုးခြင်းနှင့် ကျရောက်တတ်သည့် ရောဂါလက္ခဏာများ
- ထောပတ်သီးပင် အသီးမြန်စေရန် ကိုင်းကူးဆက်နည်း အသုံးပြုခြင်း
- ဆိတ်အမျိုးအစားများနှင့် ဆိတ်စာအတွက် အရေးပါသော အာဟာရဓာတ်များ
- မိုးရာသီတွင်သာပေါ်တတ်သော ဆေးဖက်ဝင် ဂုံမင်းပင်၏ ကျန်းမာရေးကောင်းကျိုးများ
- စားဖိုဆောင်သီးနှံ ခရမ်းချဉ်သီးစိုက်ပျိုးခြင်းအကြောင်း
- အအေးမိတုပ်ကွေးဖျားနှင့် လိုအပ်သော အာဟာရ
- တစ်နိုင်တစ်ပိုင် ဒေသကြက်မွေးမြူနည်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal




## မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၇**

360 Sports မှ စီစဉ်ကျင်းပသည့် 360 Fight Club II မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ မျိုးဆက်သစ်လက်ဝှေ့ကစားသမားများ၏ လေးချီအထူးတွဲဆိုင်း အပါအဝင် တွဲဆိုင်း ၁၂ ဆိုင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၄၅-၄၈ ကီလိုတန်းတွင် ကျော်ဇောသွေး(အဖြူရောင်သွေးသစ်)နှင့် ချောလှနိုင် SMART Fight Club(ရွှေဒေါ်ပုံ)၊ အမျိုးသား ၅၀-၅၃ ကီလိုတန်းတွင် ဇင်ကိုထက် Fighting Fight Club နှင့် ကဆောထူး(ရိုးရာကျား)၊ ရှိုင်းထက်အောင် (ဓွဲမြန်မာ)နှင့် ထက်ဦးလူ (အဖြူရောင်သွေးသစ်)၊ ဂျလ (Python) နှင့် စောကဲဒို (Holy Power)၊ ဝအဲဒို (ရိုးရာကျား)နှင့် လင်းရာဇာ (ဇာတိမာန်)၊ အမျိုးသား ၅၅-၅၈ ကီလိုတန်းတွင် ဝိုင်းခန့်အောင်(STL) နှင့် မျိုးဇော်ဇော်(ဇာတိမာန်)၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမျိုး သား ၆၀-၆၃ ကီလိုတန်းတွင် ဇင်နိုင်ဝင်း(BBH) နှင့် ထွယ်ရှောင်(Python)၊ ကျော်ကိုကိုဆွေ(Oscar Lethwei Club)နှင့် ရဲလင်းဦး SMART Fight Club (ရွှေဒေါ်ပုံ)၊ အမျိုးသား ၆၅-၆၈ ကီလိုတန်းတွင် စောကဲ(Yangon Fight Club) နှင့် ဇာတိသွေး(Player one Fight Club) ၊ အမျိုးသား ၄၈ ကီလိုတန်း လေးချီအထူးစိန်ခေါ်ပွဲအဖြစ် ကာဝိ (စက်ရုံ)နှင့် ကျောက်ရိုင်း(ဓမ္မဟောဝန်)၊ အမျိုးသား ၅၁ ကီလိုတန်း လေးချီအထူးစိန်ခေါ်ပွဲအဖြစ် ကျော်ဇော(ရွှေဖူး)နှင့် ကိုကို(စက်ရုံ)၊ အမျိုးသား ၆၀-၆၃ ကီလိုတန်း လေးချီအထူးပွဲအဖြစ် စောဂျွန် (နဂါးမာန်)နှင့် နိုင်ဝင်းထွန်း(BBH) တို့ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့တွင်းရှိ လက်ဝှေ့ကလပ်များ၊ GYM များမှ ရွက်ပုန်းသီးလက်ဝှေ့ကျော်များအား ဖော်ထုတ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး လက်ဝှေ့ပြိုင်ပွဲအား 360 Sports Facebook Page နှင့် 360 Sports You Tube ချယ်နယ်၊ Fortune TV တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**ဗလစိုး**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောမည့် အကြောင်းအရာများမှာ နံပါတ် (၁) အနေဖြင့် ရုရှားနိုင်ငံခရီးစဉ်ဆိုင်ရာကိစ္စရပ်များ၊ နံပါတ်(၂) အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ နံပါတ်(၃) အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအချို့နှင့် ပြည်ဖျက်မီဒီယာအချို့တို့က လုပ်ကြံဖန်တီးထားသည့် ပျူစောထီးဆိုသည့်အခေါ်အဝေါ်နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ နံပါတ်(၄) အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဆိုင်ရာ ကိစ္စရပ်များ၊ နံပါတ်(၅) အနေဖြင့် ပညာရေးဆိုင်ရာ ကိစ္စရပ်နှင့် ဆက်စပ်မှုများဖြစ်ကြောင်း၊ နံပါတ်(၁) မှ (၅) အထိ မိမိအနေဖြင့် ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အပိုင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေ ကဏ္ဍဖြစ်ကြောင်း၊ မေးခွန်းများမေးသည့်အခါ စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီ မေးမြန်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

**သံတမန်ဆက်ဆံရေး (၇၄)နှစ် ရှိခဲ့ပြီ**

**ပထမအချက်**အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုနှင့်ပတ်သက်၍ စတင်ရှင်းလင်းတင်ပြလိုကြောင်း၊ ယင်းအကြောင်းအရာအား မရှင်းလင်းမီ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံသည် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်မှာ (၇၄)နှစ် ရှိခဲ့ပြီဖြစ်ပြီး လာမည့်နှစ်သည် စိန်ရတု(၇၅)နှစ်မြောက်နှစ်ဖြစ်ကြောင်း၊ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့်ကာလမှ ယနေ့ကာလအထိ နှစ်နိုင်ငံဆက်ဆံရေးသည် အဆင်ပြေချောမွေ့မှုများသာရှိခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ဘက်မလိုက်သော ကြားနေမူဝါဒကို လက်ခံကျင့်သုံးလျက်ရှိသကဲ့သို့ ခိုင်မာသည့်မိတ်ဆွေနိုင်ငံအဖြစ်လည်း ရပ်တည်လျက်ရှိကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ ရုရှားနိုင်ငံကို သွားရောက်ခဲ့ကြောင်း၊ ခရီးစဉ်ကာလတွင် မော်စကိုမြို့၊ စိန့်ပီတာစဘက်မြို့၊ အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်၊ တာတာစတန်ပြည်နယ်၊ ကာစန်မြို့၊ နိုဘိုစီဘစ်ရီချ်မြို့ စသည့်မြို့အသီးသီးကို သွားရောက်ခဲ့ကြောင်း၊ ခရီးစဉ်အတွင်း အဓိကအကြောင်းအရာအနေဖြင့် ရုရှားနိုင်ငံ ကာလုဂါပြည်နယ် အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်၌ သီတဂူဆရာတော်ဘုရားကြီး၏ဦးဆောင်လမ်းညွှန်မှု၊ ကြည်း၊ ရေ၊ လေ တပ်မတော်သားများအပါအဝင် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေနှင့် တည်ဆောက်ပူဇော်ခဲ့သည့် ရွှေစည်းခုံစေတီနှင့် ပုံစံတူတည်ထားခဲ့သည့် စေတီတော်ကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တပ်ဆင်ပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း၊ အခမ်းအနားကို သီတဂူဆရာတော်ကြီးအပါအဝင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲဆရာတော်၊ တိပိဋကဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ရုရှားဖယ်ဒရေးရှင်းနိုင်ငံမှ Orthdox ဘုန်းတော်ကြီးများ၊ လားမားဘုန်းတော်ကြီး အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ နှင့် ထေကြီးဝါကြီးဆရာတော်များ၊ ရုရှားနိုင်ငံ ကာကွယ်ရေး ဒုတိယဝန်ကြီး၊ ရုရှားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိများ၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှုပူးပေါင်းဆောင်ရွက်ရေးအသင်း၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများမှ အကြီးအကဲများ၊ နိုင်ငံပေါင်းစုံ သံရုံး၊ စစ်သံရုံးများမှ မိသားစုများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရုရှားနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ၊ ပညာတော်သင်များ စသည်ဖြင့် စုံစုံလင်လင်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း၊ ဗုဒ္ဓသာသနာကို ကိုးကွယ်သူများအကြား ကမ္ဘာအနှံ့ပျံ့နှံ့စေရန် ကြိုးပမ်းဆောင်ရွက်မှုများထဲက တစ်ခုအနေဖြင့် မိမိတို့ မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ခရီးစဉ်ကာလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့၊ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း အထွေထွေ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့၊ ရုရှားနိုင်ငံပိုင်အာကာသကော်ပိုရေးရှင်း၏ အထွေထွေ ညွှန်ကြားရေးမှူးချုပ်နှင့် ရုရှားသမ္မတ၏ နိုင်ငံတကာ အာကာသဆိုင်ရာ အထူးသံတမန်အဖြစ် တာဝန်ယူထားရသူဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Rosoboronexpast ကုမ္ပဏီ အမှုဆောင် အရာရှိချုပ်တို့နှင့် ဇူလိုင် ၁၁ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးစဉ် ဆွေးနွေးခဲ့မှုများအနေဖြင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ကမ္ဘာလှည့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်များ တင်ပို့နိုင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်ကဏ္ဍ အဆင့်မြှင့်တင်ရေး၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့် သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စက်မှုကဏ္ဍအသုံးပြုခြင်း၊ သိပ္ပံနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း။

ခရီးစဉ်၏ ဒုတိယနေ့ဖြစ်သည့် ဇူလိုင် ၁၂ ရက်တွင် ရုရှားနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ မူလက ကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသော်လည်း ရုရှားနိုင်ငံ၏ အခြားအရေးကြီး လုပ်ငန်းတချို့ ပေါ်ပေါက်လာခဲ့သည့်အတွက် ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းကို ဖြည့်စွက်ပြောကြားလိုကြောင်း၊ တွေ့ဆုံဆွေးနွေးစဉ်တွင် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၌ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း။

ခရီးစဉ်၏ တတိယမြောက် ၁၃ ရက်တွင် တာတာစတန်ပြည်နယ် သမ္မတ၏ဖိတ်ကြားချက်အရ တာတာစတန်ပြည်နယ်ကို ရောက်ရှိခဲ့ပြီး PJSC “Tatneft” ကုမ္ပဏီအမှုဆောင်အရာရှိချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့၊ Republic of the Tatarstan ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးရာစီမံခန့်ခွဲမှု ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Kazan Federal University ဒုတိယ ပါမောက္ခချုပ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့၊ Republic of the Tatarstan ၏ အကြီးအကဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့စသည်တို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဆွေးနွေးမှုအကြောင်းအရာများအနေဖြင့် ကူးသန်းရောင်းဝယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြှင့်တင်ဆောင်ရွက်သွားနိုင်မှုအခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ စွမ်းအင်စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ခြင်း ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ပညာတော်သင်ကိစ္စရပ်များ၊ နည်းပညာရပ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း။

ဇူလိုင် ၁၄ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘက်မြို့ကိုရောက်ရှိခဲ့ပြီး Polytechnic State University ပါမောက္ခချုပ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့၊ စိန့်ပီတာစဘက်မြို့ အစိုးရအဖွဲ့ အကြီးအကဲနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးမှုအကြောင်းအရာများမှာ စိန့်ပီတာစဘက်မြို့၌ မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံး အသစ်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေ၊ ကဏ္ဍပေါင်းစုံပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း။

**စစ်ဘက်၊ အရပ်ဘက်သင်တန်းများ ပညာသင်ကြားရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး**

ဇူလိုင် ၁၅ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဘိုစီဘစ်ရီချ်မြို့ကို ဆက်လက်ထွက်ခွာခဲ့ပြီး Novosibirsk State University ပါမောက္ခချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ Higher Military Command School ကျောင်းအုပ်ကြီးဦးစီးသည့်အဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး စစ်ဘက်၊ အရပ်ဘက် သင်တန်းသားများ ပညာသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြောင်း။

ဇူလိုင် ၁၆ ရက်တွင် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုဘိုစီဘစ်ရီချ်နှင့် မြန်မာနိုင်ငံကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲပျံသန်းနိုင်မည့် အခြေအနေ၊ ယင်းဒေသ၌ နယ်ပယ်ကဏ္ဍအသီးသီးမှ အဆင့်မြင့်တက္ကသိုလ်ပေါင်း ၂၂ ခုရှိပြီး မြန်မာနိုင်ငံမှ သင်တန်းသားများ တက်ရောက်သင်ကြားနိုင်မည့် အခြေအနေ၊ ရုရှားနိုင်ငံ၌ ကျင်းပမည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာဖိုရမ်ကို မြန်မာကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း ရုရှားနိုင်ငံအနေဖြင့် ရင်းနှီးဖော်ရွေမှု၊ ခရီးစဉ်အလိုက် ဆိုက်ရောက်ချိန်များတွင် ကော်ဇောနီခင်းပြီး နိုင်ငံတော်အဆင့်ဖြင့် ကြိုဆိုမှု၊ ဒေသဆိုင်ရာအစိုးရအကြီးအကဲများကိုယ်တိုင်နှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တာဝန်ရှိသူများကိုယ်တိုင် ကြိုဆိုခဲ့ကြောင်း၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရိုးရာ အစားအစာများဖြင့် ဧည့်ခံကြိုဆိုမှု စသည်တို့နှင့် အပြန်အလှန်လေးစားမှု၊ ချစ်ကြည်မှု၊ ယုံကြည်မှုတို့ကို ပုံဖော်ပြသခဲ့သည့်အတွက် အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ခရီးစဉ်ကာလအတွင်း သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးနှင့် တွေ့ဆုံဆွေးနွေးမှု (၁၅)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်မှန်သမျှကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ဆွေးနွေးမှုများသည် အားရဖွယ်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းနေချိန်တွင် နှစ်နိုင်ငံပူးပေါင်းပြီး စီးပွားရေးကဏ္ဍမြှင့်တင်ရန် လိုလိုလားလားရှိကြောင်း၊ မကြာခင်ကာလ၌လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန် မြှင့်တင်သည့်ခရီးစဉ်များ ရှိလာဦးမည်ဖြစ်ကြောင်း ပြောလိုကြောင်း၊ နောက်တစ်ခုအနေဖြင့် အဆင့်မြင့်ပညာများသင်ကြားရေး အစီအစဉ်များဖြစ်ကြောင်း၊

**စာမျက်နှာ ၁၉ သို့** ☆

✰ စာမျက်နှာ ၁၈ မှ

ရုရှားနိုင်ငံ တက္ကသိုလ်များသည် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များ စာရင်းဝင်များဖြစ်ကြောင်း၊ သိပ္ပံပညာရှင်များစွာမွေးထုတ်နိုင်ခဲ့ပြီး စစ်ဘက်၊ အရပ်ဘက် အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးစဉ်ကာလအတွင်း အပြုသဘောဆောင်သည့် ရလဒ်ကောင်းများ၊ ဆွေးနွေးမှုများ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းများ စသည်ဖြင့် အကြောင်းအရာများစွာကိုဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထူးအောင်မြင်သည့် ခရီးစဉ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

**ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ**

**ဒုတိယအချက်**အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအကြောင်းကို ပြောလိုကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၈၄ တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်းက ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သည့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းတည်ထောင်ခြင်းနှင့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အကျိုးတူ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ညွှန်ကြားချက် (၈/၂၀၂၂) ကို ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များအကြောင်း ၂၀၂၂ ခုနှစ် ဇွန် ၇ ရက်က ကျင်းပခဲ့သည့်အစည်းအဝေးအရ "ကုမ္ပဏီများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းနှင့်အထက်ပါရှိပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၂၂) မှ ခြွင်းချက်ပြုသည့်လုပ်ငန်းများနည်းတူ ဆောင်ရွက်ပေးရန် ဖော်ပြခဲ့ခြင်းကို ပယ်ဖျက်ခဲ့ကြောင်း"။

ဆက်လက်ပြီး "နိုင်ငံခြားသားပိုင်ဆိုင်မှု ၃၅ ရာခိုင်နှုန်းအထိပါဝင်သည့် မြန်မာကုမ္ပဏီများ၏ နိုင်ငံခြားသုံးငွေစာရင်းမှ နိုင်ငံခြားငွေများအား မြန်မာကျပ်ငွေဖြင့် လဲလှယ်သွားရန်"အတွက် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၃၂/ ၂၀၂၂) ဆုံးဖြတ်ချက်အား ဗဟိုဘဏ်က ဇူလိုင် ၁၅ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း။

ယင်းနှင့်ပတ်သက်ပြီး မျိုးစုံဝေဖန်မှုများ ရှိကြကြောင်း၊ နိုင်ငံခြားတိုင်းပြည်များမှ လာရောက်ရင်းနှီးမြှုပ်နှံရန်ခက်ခဲသွားမည်၊ ပြည်ပကချေးငွေဖြင့် ကုန်စည်တင်သွင်းနေကြသည့် ကုမ္ပဏီများအပေါ်၌လည်း သက်ရောက်နိုင်သည်၊ အစိုးရတွင် ဒေါ်လာလိုအပ်ချက်ရှိနေသဖြင့် နိုင်ငံခြားအရန်ငွေကြေးမရှိတော့ကြောင်းစသည်ဖြင့် ဝေဖန်ကြကြောင်း။

မိမိတို့နိုင်ငံ၌ သင့်တင့်သည့် နိုင်ငံခြားအရန်ငွေကြေးနှင့် အရန်ဘဏ္ဍာငွေများ ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၌ လုံလောက်သည့်ငွေကြေးရှိသောကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်ပြီး ယခုလ ၂၂ ရက်က ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်အစိုးရ၏ စီးပွားရေးကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်းဝန်ထမ်းများ) ကို အိမ်ငှားစရိတ်အဖြစ် အိမ်ထောင်သည်ဖြစ်ပါက မူရင်းလစာ၏ ၈ ရာခိုင်နှုန်းနှင့် လူပျိုဖြစ်ပါက ၄ ရာခိုင်နှုန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့မည့်အစီအစဉ် အသေးစိတ်ကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဇယားများနှင့် ဖော်ပြပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် ၁၀၀၀၀ ကျပ်ကိုလည်း လစဉ် ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် စတင်တာဝန်ထမ်းဆောင်စဉ်ကစပြီး ယနေ့အထိ ယခုကဲ့သို့ ထောက်ပံ့မှု ၂၇ ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ အစိုးရဝန်ထမ်းများကို ခေတ်နှင့်အညီ ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာလကတည်းက ထိခိုက်ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ် ၄၉၁ ဘီလီယံကျော်အနက် ကျပ် ၄၀၀ ဘီလီယံကို သီးသန့်ရန်ပုံငွေ ထူထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းများနှင့် ထုတ်ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ပေးနိုင်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာသည့် ချေးငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံစီးပွားရေးအဖြစ်ဆောင်ရွက်နေသည့် ကျေးလက်နေတိုင်းရင်းသားပြည်သူ ၇၀ ရာခိုင်နှုန်း၏ လူမှုစီးပွားဘဝ လျင်မြန်စွာ တိုးတက်ရေး(Quick Win) ရရှိအောင် အဓိကထားဆောင်ရွက်ရန် ရည်ရွယ်ကြောင်း။

မိမိတို့နိုင်ငံ၌ ခိုင်မာသည့်စီးပွားရေးအရင်းအမြစ်များ ရှိပြီးဖြစ်ကြောင်း၊ ယင်းကို ထုတ်လုပ်မြှင့်တင်နိုင်ရန်သာလိုကြောင်း၊ ပြည်တွင်းအားသည် ပြည်တွင်း၌သာရှိကြောင်း၊ လက်ရှိကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကိုလည်း မျက်ခြည်မပြတ်ကြည့်ပြီး ဒေသတွင်းအခြေအနေကိုလည်း စောင့်ကြည့်စေလိုကြောင်း၊ မိမိတို့အစိုးရ၏ပေးထားသည့် ကတိကဝတ်များအတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

**လုပ်ကြံဖန်တီးထားသည့်**
**ပျူစောထီးဆိုသည့် အသုံးအနှုန်း**

**တတိယအချက်**အနေဖြင့် ပြည်ဖျက်မီဒီယာအချို့နှင့် အကြမ်းဖက်အဖွဲ့များ လုပ်ကြံဖန်တီးထားသည့် ပျူစောထီးဆိုသည့် အသုံးအနှုန်းအကြောင်း ပြောလိုကြောင်း၊ ဦးစွာသမိုင်းကြောင်းကို သိပါ၊ လေ့လာပါဟု ပြောလိုကြောင်း၊ ပျူစောထီးဘယ်ကဖြစ်လာသလဲ၊ ဘယ်ကစသလဲဆိုသည်ကို ပုဂံခေတ်က စသည့်အကြောင်းအရာများအား စ၍မပြောတော့ဘဲ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကစ၍ ပြောလိုကြောင်း။

ပျူစောထီးတပ်များကို ၁၉၅၅ ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ် ဦးနု ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အမျိုးသားကာကွယ်ရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရက ပျူစောထီးတပ်များဖွဲ့စည်းတော့မည်ဟု ကြေညာစဉ်ကပင် အတိုက်အခံပါတီအဖွဲ့အစည်းများသည် အပြင်းအထန်ကန့်ကွက်ခဲ့ကြကြောင်း၊ ပျူစောထီးတပ်များသည် ပြည်သူကို ကာကွယ်စောင့်ရှောက်ရမည့်အစား အချို့သူများသည် လက်နက်အားကိုးဖြင့် ပြည်သူကို ညှဉ်းပန်းနှိပ်စက်လာကြခြင်းများ ရှိကြောင်း၊ ၎င်းတို့ကို ဖွဲ့စည်းပေးထားသည့်ပါတီအုပ်စုများ၏ ခါးပိုက်ဆောင် တပ်သဖွယ် အသုံးပြုလာသည်အထိ ရှိလာကြောင်း။

၁၉၅၆ ခုနှစ်ကကျင်းပသည့် ရွေးကောက်ပွဲမတိုင်မီ ပျူစောထီးများ၏ ရမ်းကားမှုများ ပေါ်လာခဲ့ကြောင်း၊ သာဓကအဖြစ် သာယာဝတီခရိုင် မင်းလှရွေးကောက်ပွဲ လေးလောင်းပြိုင်လူသတ်မှု၊ ၁၉၅၇ ခုနှစ် မေ ၂ ရက် မြိတ်ခရိုင် ဆီတောင်အိုင်ရွာ လူသတ်မှုများ ပေါ်လာခဲ့ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီအရေးခြုံ အာဏာရှင်ပါတီ၏ ပျူစောထီးတပ်များဖွဲ့စည်းနေခြင်းကို ရုပ်သိမ်းပေးရန်၊ ပျူစောထီးတပ်များ ကျူးလွန်ခဲ့သည့် ရက်စက်မှုကြီးများကို ထိရောက်စွာ အရေးယူနိုင်ရန် ပြည်သူ့ကော်မရှင်တစ်ရပ်ဖွဲ့စည်းစုံစမ်းအရေးယူရန် အတိုက်အခံ မြန်မာနိုင်ငံပြည်ထောင်စု အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမညတ)အဖွဲ့က တောင်းဆိုခဲ့ကြောင်း၊ ထို့အတူ မြောင်းမြမြို့နယ် မရန်းချောင်းကျေးရွာ၊ ဘိုးကြားကုန်းကျေးရွာ၊ ရွှေရပ်တောင်ကုန်းကျေးရွာ စသည့်ရွာများ၌ ပျူစောထီးများက လယ်သမားများကို မတရားဖမ်းဆီးခြင်း၊ လယ်လုပ်ကိရိယာများ၊ မျိုးစပါးများကို မီးရှို့ဖျက်ဆီးခြင်း၊ မွေးထားသော တိရစ္ဆာန်များကို ပစ်သတ်ခြင်း၊ ယူဆောင်သွားခြင်း စသည်တို့ကို ပြုမူနေမှုနှင့်ပတ်သက်၍ ၁၉၅၇ ခုနှစ် မေ ၃၀ ရက်တွင် တောင်သူလယ်သမားညီညွတ်ရေး အစည်းအရုံး (ပြည်ထောင်စုမြန်မာနိုင်ငံ) (တလ ညစ) ဌာနချုပ် မြောင်းမြခရိုင်က သတင်းထုတ်ပြန်ကြေညာခဲ့ကြောင်း၊ စစ်ကိုင်းတွင်လည်း ပျူစောထီးများ၏ ရမ်းကားမှုကို ပျူစောထီးကို ဖွဲ့စည်းပေးထားသည့် ဝန်ကြီးချုပ်ဦးနုထံ ၎င်းတို့ နှိပ်စက်မှုကြောင့်ရရှိသည့် ဒဏ်ရာများကိုပြသ၍ တိုင်ကြားသည်အထိ ဖြစ်လာခဲ့ကြောင်း။

ဝန်ကြီးချုပ်ဦးနုသည် ၁၉၅၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် တပ်မတော်က တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပမညတအဖွဲ့က ပျူစောထီးများရှိနေသရွေ့ တရားမျှတသန့်ရှင်းသော ရွေးကောက်ပွဲမဖြစ်နိုင်ဟုဆိုကာ ပျူစောထီးများဖျက်သိမ်းရန် ဝန်ကြီးချုပ်ဦးနုအား ထပ်မံတိုက်တွန်းခဲ့ကြောင်း၊ ယင်းတိုက်တွန်းစာတွင် ဝန်ကြီးချုပ်သည် ပျူစောထီးများကို ဖျက်သိမ်းမည်ဟု ကြေညာခဲ့သော်လည်း ယခုတိုင် မဖျက်သိမ်းသေးကြောင်း၊ ပျူစောထီးများသည် နေ့စဉ်နှင့်အမျှ ဆိုးသွမ်းသောင်းကျန်းကာ ပြည်သူလူထု၏ဘဝကို ခြိမ်းခြောက်မြဲ ခြိမ်းခြောက်နေသည်ကို အားလုံးသိပြီးဖြစ်မည်ဟု ယုံကြည်ကြောင်း၊ ပျူစောထီးတပ်များသည်-

(က) တစ်ဖွဲ့ တစ်ပါတီ လူတစ်စု၏ ခါးပိုက်ဆောင်တပ် အနေဖြင့် တည်ရှိဆောင်ရွက်နေခြင်း။

( ခ ) စတင်ဖွဲ့စည်းစဉ်ကပင် ပြည်သူလူထုအား နှိပ်စက်ညှဉ်းပန်းခဲ့၍ ယနေ့တိုင်လည်း အမျိုးမျိုးအဖုံဖုံ နှိပ်စက်ညှဉ်းပန်းလျက်ရှိခြင်း။

( ဂ ) ပြည်သူတို့၏ လွတ်လပ်စွာစည်းရုံးဆောင်ရွက်ခွင့်ကို ပြောင်ပြောင်တင်းတင်း တားဆီးစော်ကားနေခြင်း။

(ဃ) အနာဂတ်ကာလတွင်လည်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားညီညွတ်ရေးအတွက် မည်သို့မျှ အထောက်အကူမပြုရုံမျှမက အကြီးမားဆုံး ဘေးအန္တရာယ် အယှက် အဟန့်အတားကြီးဖြစ်နေခြင်း။

( င ) လာလတ္တံ့သော ရွေးကောက်ပွဲတွင် ၎င်းတို့တည်ရှိခြင်းဖြင့် လက်နက်ဖြင့် အဆုံးအဖြတ်ပေးမည့် မတရား၊ မမျှတသော ရွေးကောက်ပွဲဖြစ်မည့် အလားအလာကပိုမိုများပြားနေခြင်း စသည်တို့ကိုထောက်ရှုကာ ပျူစောထီးများအား အမြန်ဆုံး လက်တွေ့ဖျက်သိမ်းပေးပါရန် လေးနက်စွာ ထပ်မံတိုက်တွန်းရပါကြောင်း စသည်ဖြင့် ပါရှိကြောင်း၊

ပျူစောထီးနှင့်ပတ်သက်ပြီး ဗမာ့တပ်မတော်အား စွပ်စွဲပြောဆိုချက်များကို ထိုစဉ်က အာဏာရနိုင်ငံရေးပါတီခေါင်းဆောင်များ၊ နိုင်ငံရေးသမားများကိုယ်တိုင်က ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်က ခေါင်းဆောင်အချို့သည် ဝန်ကြီးချုပ်ဦးနုနှင့် သွားရောက်တွေ့ဆုံပြီး စွပ်စွဲချက်များသည် မဟုတ်မမှန်ကြောင်းကို ရှင်းလင်းခဲ့ကြကြောင်း၊ ထို့ကြောင့် တပ်မတော်ကို ပုတ်ခတ်ပြောဆိုမှုများသည် မှားယွင်းကြောင်း ဝန်ကြီးချုပ်က စက်တင်ဘာ ၄ ရက် ညတွင် အသံလွှင့်ကာ ရှင်းလင်းခဲ့ရသည်ကို သမိုင်းအထောက်အထားများအရ သိရကြောင်း၊ ယင်းမိန့်ခွန်းတွင် ပျူစောထီးဖျက်သိမ်းရေး အစီအစဉ်နှင့်ပတ်သက်ပြီး ဗိုလ်မင်းခေါင်ဦးဆောင်သော လေးဦးအဖွဲ့က ပျူစောထီးဖျက်သိမ်းရေးအစီအစဉ်များကို ရေးဆွဲပြီးကြောင်း ပြောကြားခဲ့ကြောင်း။

ပျူစောထီးကိစ္စနှင့်ပတ်သက်ပြီး ၁၉၅၈ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် အစိုးရက ကြေညာချက်တစ်စောင်ထုတ်ပြန်ပြီး ၁၉၅၅ ခုနှစ် အောက်တိုဘာလမှစ၍ ဖွဲ့စည်းထားသည့် ပျူစောထီးအဖွဲ့အစည်းများအားလုံးကိုဖျက်သိမ်းရန် အစိုးရက ဆုံးဖြတ်လိုက်ကြောင်း ကြေညာခဲ့ကြောင်း။

**သမိုင်းကြောင်းအမှန်ကိုမသိဘဲ ပြောဆိုခေါ်ဝေါ်**

မိမိပြောလိုသည်မှာ ပြည်ဖျက်မီဒီယာများ၊ NUG အမည်ခံအကြမ်းဖက်အဖွဲ့များ၊ PDF အဖွဲ့များ သုံးနှုန်းနေသည့် ပျူစောထီးတပ်ဆိုသည်မှာ ပါလီမန်ဒီမိုကရေစီခေတ်က ဦးနု၏ အာဏာရပါတီက ဒီမိုကရေစီအနိုင်ကျင့်မှုအတွက် ဖွဲ့စည်းထားသည့် အဖွဲ့မျိုးဟုသာ ဆိုချင်ကြောင်း၊ အဆိုပါအမည်မျိုးကို မီဒီယာများက သုံးစွဲနေသည်မှာ သမိုင်းကြောင်းအမှန်ကိုမသိဘဲ ပြောဆိုခေါ်ဝေါ် သုံးစွဲနေခြင်းဖြစ်သည့်အတွက် အံ့ဩစရာကောင်းနေကြောင်း၊ ထိုစဉ်က ပြည်သူကို နှိပ်စက်၊ သတ်ဖြတ်၊ ခြိမ်းခြောက်သည့်လုပ်ငန်းများကို မည်သူတို့က ယနေ့ ဤနိုင်ငံတွင် လုပ်နေသည်လဲ၊ နေ့စဉ်နှင့်အမျှ ရဟန်း၊ သံဃာများကို သတ်ဖြတ်၊ ဆရာ ဆရာမများကို ရန်ရှာ၊ ပြည်သူလူထုကြား ဗုံးခွဲ၊ ကလေးများ၏ ပညာသင်ကြားမှုကိုခြိမ်းခြောက်၊ စာသင်ကျောင်းကိုပါ Drone ဖြင့် ဗုံးကြဲနေသည်မှာ မည်သူတို့ဖြစ်သနည်း၊ ယင်း NUG၊ PDF အမည်ခံအကြမ်းဖက်များသာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဦးနုဖွဲ့စည်းခဲ့သည့် ပျူစောထီးအမည်ခံ လူရမ်းကားအဖွဲ့ထက်ဆိုးသည့် ခေတ်သစ်ပျူစောပျက်များသာဖြစ်ကြောင်း၊ အွန်လိုင်းပေါ်တွင် စွပ်စွဲပြောဆိုနေကြသည်မှာ ပျူစောထီးသည် စစ်မှုထမ်းဟောင်းများနှင့် မဘသများဟု ဆိုကြကြောင်း၊ ယုတ်မာသည့် အကြမ်းဖက်များနှင့် မီဒီယာများ၏ ၎င်းတို့လိုချင်သည့် နှပ်ကြောင်းဟုသာ ပြောလိုကြောင်း၊ ယခင်က အတွေးအခေါ်များကိုသာ ပုံဖော်နေခြင်းဖြစ်ကြောင်း။

မြန်မာ့နိုင်ငံရေးခရီးစဉ်တွင် စင်ပြိုင်အစိုးရဖွဲ့စည်းမှုနှင့် ပုံဖော်ခဲ့သည်မှာ (၅)ကြိမ်ရှိခဲ့ကြောင်း၊ ပထမအကြိမ်က ဂျပန်တို့ မြန်မာပြည် ထိုးစစ်ကြောင့် ထွက်ပြေးရသည့် ဒေါ်မန်စမစ်၏ပြည်ပရောက်အစိုးရ၊ ဒုတိယအကြိမ် စင်ပြိုင်အစိုးရမှာ ၁၉၆၉ ခုနှစ်က ပေါ်ထွက်ခဲ့သည့် ဦးနုဦးဆောင်သည့် ပြည်ချစ်ဒီမိုကရေစီပါတီသာဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်း နိုင်ငံတော်အာဏာရယူသဖြင့် မကျေနပ်သည့်အတွက် ၁၉၆၉ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ဖွဲ့စည်းခဲ့သည့် အဖွဲ့ဖြစ်ကြောင်း၊ တတိယအကြိမ်က ၁၉၈၈ အရေးတော်ပုံကာလတွင် ဖွဲ့စည်းခဲ့သည့် ဦးနု ဦးဆောင်သည့် ကြားဖြတ်အစိုးရဖြစ်ကြောင်း၊ ဦးနုက ၎င်းသာ ဝန်ကြီးချုပ်ဆိုပြီး ဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း၊ စတုတ္ထအကြိမ်မှာ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၈ ရက်က ပေါ်ပေါက်ခဲ့သည့် NCGUB (မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ)ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ၌ ရုံးစိုက်ခဲ့ပြီး ပြည်ပမှဆောင်ရွက်ခဲ့သည့်အဖွဲ့ဖြစ်ကြောင်း၊ သောင်းကျန်းသူ ဌာနချုပ်တစ်နေရာ၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ အကြမ်းဖက်ခေါင်းဆောင် NUG လည်း ယင်းအတိုင်းသာဖြစ်ကြောင်း၊ စင်ပြိုင်အစိုးရထူထောင်မည်၊ တောတွင်းအစိုးရထူထောင်မည်၊ ၎င်းတို့ထင်သလိုဖြစ်မလာပါက အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ လက်ရှိလည်း ယင်းသို့သာဖြစ်ကြောင်း၊ ၎င်းတို့အတွက် ခါးပိုက်ဆောင်အဖွဲ့ဆိုသည်မှာ အမြဲကပ်လျက်ပါလာသည်သာဖြစ်ကြောင်း။

မိမိကို ပျူစောထီးကို တပ်မတော်က ဖွဲ့စည်းပေး/ မပေး တပ်မတော်၏ သဘောထားစသည်ဖြင့် မေးကြကြောင်း၊ အစိုးရအနေဖြင့်ရော တပ်မတော်အနေဖြင့်ပါ ဖဆပလကဲ့သို့ ဒီမိုကရေစီအရေခြုံအာဏာရှင်စနစ်ထူထောင်ရန် ခါးပိုက်ဆောင်တပ် ပျူစောထီးကိုဖွဲ့ခဲ့ခြင်းမရှိကြောင်း၊ ပျူစောထီးဆိုသည့် အသုံးအနှုန်းကို မရှိခဲ့ကြောင်း၊ တပ်မတော်သည် သမိုင်းကြောင်းကို ကျေညက်ပြီးဖြစ်ကြောင်း၊ သမိုင်းကြောင်း အစာမကြေသူများသာ သမိုင်းဘီးကို နောက်ပြန်လှည့်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်က တည်ဆဲဥပဒေများအရ ဒေသခံပြည်သူလူထုက ၎င်းတို့၏ ကျေးရွာ၊ ရပ်ကွက်များ၏ လုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းခွင့် တင်ပြလာပါက ဖွဲ့စည်းခွင့် စိစစ်ခြင်းများ၊ ဖွဲ့စည်းခွင့်ပြုခြင်းများ၊ လိုအပ်သည့် လက်နက်တပ်ဆင်ပေးခြင်းများ၊ စစ်မြေပြင်စည်းကမ်းနှင့် စစ်သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ လိုအပ်လျှင် ဥပဒေအရ ဒေသကာကွယ်ရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းရန်သာရှိကြောင်း။

ပြည်သူ့စစ်ဆိုသည်မှာ မိမိနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ လုံခြုံရေးကို မိမိကိုယ်တိုင် ပါဝင်ဆောင်ရွက်ရမည်ဟု ပြည်သူလူထုတစ်ရပ်လုံးက သဘောပေါက်ပြီး နိုးကြားတက်ကြွစွာ အသိနှင့်ယှဉ်သည့် ပါဝင်ဆောင်ရွက်မှုသာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူလူထုအတွင်းမှ စည်းရုံးဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့ဝင်များသည် အေးချမ်းချိန် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ မြို့နယ်၊ ကျေးရွာ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ရေတိုရည်မှန်းချက်က ပြည်တွင်းလက်နက်ကိုင်အကြမ်းဖက်မှုကို ချေမှုန်းရန်၊ ရေရှည်ရည်မှန်းချက်က နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရာတွင် ပြည်သူ့စစ်မဟာဗျူဟာအစီအမံ၏ အစိတ်အပိုင်းအဖြစ် ပါဝင်ရန်သာဖြစ်ကြောင်း၊ မီဒီယာများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ သုံးနေသည့် ပျူစောထီးဆိုသည်မှာ ၂၀၂၁ ဖေဖော်ဝါရီ လကုန်ခါနီး နွေရောက်လုဆဲဆဲ ဆောင်းအကုန်၊ နွေအကူးကစပြီး အရှူးထခြင်းတစ်မျိုးသာဖြစ်ကြောင်း ပြောလိုကြောင်း။ **(ဆက်လက်ဖော်ပြပါမည်)**

# လူရှေတိုင်းရင်းသားပုံပြင်များ


မင်းသက်တင်

**မိတ်ဆွေစစ်**

"အဆွေတော်ကြက်ဥရေ ဒီနှစ်က စပြီး အဆွေတော်ရဲ့လယ်နဲ့ ကျွန်ုပ်ရဲ့ လယ်တွေကို အတူတကွ စုပေါင်း လုပ်ဆောင်ကြရင် ကောင်းမယ်ထင် တယ်ဗျ"

"ကောင်းသားပဲ တုတ်ချောင်းရေ။ တစ်ဦးရဲ့ လယ်တစ်ကွက်ကို ကျန်တစ်ဦး က ပေါင်းပြီးလုပ်လိုက်ရင် လုပ်ငန်း တွင်တာပေါ့။ တစ်ကွက်ပြီးတာနဲ့ နောက် တစ်ကွက်ကိုလည်း အတူတကွ လုပ်ဆောင်ကြတာပေါ့နော်"

ဒီလိုနဲ့ လယ်နီးချင်းလယ်သမားကြီး တွေဖြစ်ကြတဲ့ တုတ်ချောင်းလေးနဲ့ ကြက်ဥငယ်တို့ မိတ်ဆွေနှစ်ဦးဟာ နှစ်ဦးပိုင်လယ်ယာတွေကို တစ်လှည့်စီ နှစ်ဦးသား စုပေါင်းလုပ်ဆောင်လာ လိုက်တာ အောင်မြင်မှုပိုမိုရရှိကြတယ်။ ကြက်ဥငယ်နဲ့ တုတ်ချောင်းလေးတို့ရဲ့ လယ်တွေက ကန်သင်းရိုးတစ်ခုသာ ခြားတာမို့ လယ်နီးချင်းမိတ်ဆွေနှစ်ဦး အဖြစ် တစ်ဦးကိုတစ်ဦး ခင်မင်စွာ နှစ်ပေါင်းများစွာ ရင်းနှီးချစ်ကြည်မှု အပြည့်နဲ့ ပျော်ရွှင်စွာနေထိုင်လာကြတာ ပေါ့ကွယ်။



တစ်နေ့မှာတော့ မိတ်ဆွေနှစ်ဦး သဘောတူထားကြတဲ့အတိုင်း ကြက်ဥငယ် ရဲ့ လယ်ထဲမှာ အတူတကွ ထွန်ယက်နေ ကြတယ်။ ထမင်းစားချိန်ရောက်လာတဲ့ အခါ ခေတ္တနားပြီး တဲငယ်ထဲမှာ ထမင်း စားဖို့ ပြင်ဆင်ကြတော့မှ နှစ်ဦးလုံးမှာ ဟင်းပါမလာဘူးဆိုတာ သိလိုက်ရတော့ တယ်။

"အဆွေတော် တုတ်ချောင်းလေး ရေတောထဲမှာ ဟင်းသွားရှာဦးမယ်နော်၊ ခဏလေးစောင့်ပါဗျာ"

ကြက်ဥငယ်က လယ်နီးချင်း မိတ်ဆွေဖြစ်တဲ့ တုတ်ချောင်းလေးကို ပြောပြီးတောထဲကိုထွက်သွားလေတယ်။ တောထဲကိုရောက်တဲ့အခါ ကြက်ဥငယ် ဟာ သူ့ကိုယ်သူ ကိုယ်တိုင်ကြော်ကာ ကြက်ဥကြော်ကိုယူလာပြီး တုတ်ချောင်း လေးနဲ့အတူ မြိန်ရှက်စွာစားကြတယ် ကွယ့်။

"မနက်ဖြန်တော့ ကျွန်ုပ်လယ်ကို ထွန်ယက်ကြတာပေါ့ဗျာ"

"လုပ်ရမှာပေါ့ တုတ်ချောင်းရယ်၊ ပျော်ပျော်ပါးပါးပေါ့"

တုတ်ချောင်းလေးရဲ့ လယ်ကိုလည်း ကြက်ဥငယ်က အတူတကွပူးပေါင်း ထွန်ယက်ပေးလေတယ်။ သီချင်းတအေး အေးနဲ့ ကြက်ဥငယ်က ကြိုးစားပမ်းစား ထွန်ယက်ပေးနေတာကို မြင်နေရတဲ့ တုတ်ချောင်းက ဝမ်းသာပီတိဖြစ်ကာ ကျေနပ်ကြည်နူးနေလေရဲ့။

မိတ်ဆွေနှစ်ဦးရဲ့ အပြန်အလှန် ကူညီရိုင်းပင်းတဲ့စိတ်ကြောင့် ဘဝမှာ နေပျော်လာရုံတင်မကဘဲ တစ်ဦးကိုတစ်ဦး ဖေးမစောင့်ရှောက်မှု၊ တန်ဖိုးထားဆက်ဆံ မှု၊ အငြင်းအခုံကင်းစွာနဲ့ အပေးအယူ မျှတစွာ ဘဝကိုဖြတ်သန်းနေထိုင်ကြတာ နှစ်ကာလ အတန်ကြာလာခဲ့ပြီပေါ့။ တစ်ဦးစိတ်ခေတ်ကိုတစ်ဦးက သိထား ပြီးဖြစ်ရာ ပြိုင်ဆိုင်မှုကင်းကင်းနဲ့ လောကီ ကောင်းမှုအထွေထွေကို အတူတကွ လုပ်ဆောင်ကျင့်ကြံအားထုတ်နေကြသတဲ့။

တစ်နေ့မှာတော့ တုတ်ချောင်းရဲ့ လယ်ကိုထွန်ယက်နေကြရင်း နားချိန် ရောက်လို့ လယ်တဲငယ်ထဲ ဝင်ရောက်ကာ စားစရာချက်ပြုတ်ဖို့ပြင်ဆင်ကြတာပေါ့။ ဒါပေမယ့် ချက်ပြုတ်ဖို့ရာ မီးလည်းမရှိ၊ ထင်းလည်းမရှိ ဖြစ်နေပြီး မိုးကလည်း သည်းထန်စွာရွာနေလေတော့ အအေး ဒဏ်ကိုလည်း ခံစားနေကြတာပေါ့ကွယ်။

"မီးဖိုဖို့ မီးသွားရှာဦးမယ်ဗျာ၊ မကြာ ပါဘူး အမြန်ပြန်လာပါ့မယ်"

တုတ်ချောင်းလေးဟာ မိုးရွာထဲမှာပဲ တဲအပြင်ထွက်သွားလေရဲ့။ ကြက်ဥငယ် က တားချိန်မရလိုက်ခင်မှာ မျက်စေ့ရှေ့ ကနေ တုတ်ချောင်းလေး ပျောက်ကွယ် သွားတော့တယ်။ မိုးအေးလို့ ချမ်းနေရှာတဲ့ ကြက်ဥငယ်ကတော့ တဲကလေးရဲ့အတွင်း ထောင့်တစ်နေရာမှာ ကုပ်နေလေရဲ့။

"ချမ်းနေပြီလား အဆွေတော်၊ မီးရလာပါပြီ။ အားလုံးအဆင်ပြေတော့ မှာပါဗျာ"

တုတ်ချောင်းလေးက တောတွင်း တစ်နေရာကိုရောက်တဲ့အခါ မိုးလွတ်ရာ ဂူကြီးအတွင်းကိုဝင်ပြီး ကိုယ့်ကိုယ် ကိုယ် အပိုင်းပိုင်းချိုးဖဲ့ကာ မီးစွဲလောင် စေလိုက်တယ်။ မီးနဲ့ ထင်းတို့ကို တဲငယ် အတွင်းသို့ ယူဆောင်လာရင်း ကြက်ဥ ငယ်ကို အားပေးစကားပြောလိုက်တာ ဖြစ်တယ်။

"ဝမ်းသာလိုက်တာဗျာ၊ မိုးက အတော်အေးတာပဲ၊ ဗိုက်ကလည်း ဆာနေပြီလေ"

"ဖြစ်ရမှာပေါ့ဗျာ၊ လိုတာအကုန် ပြည့်စုံရပါစေ့မယ် အဆွေတော်။ အေးချမ်းစွာနေပါလေ့၊ မီးဖိုပြုလုပ်ပြီး ကျွန်ုပ်ရဲ့ ချက်ပြုတ်မှုကို စားသုံးပြီးတာနဲ့ ကျွန်ုပ်တို့နှစ်ဦးသား မီးလှုံလို့ရအောင် အမြန်ဆောင်ကြဉ်းလိုက်ပါ့မယ်"

တုတ်ချောင်းငယ်ဟာ ပြောပြော ဆိုဆို မီးဖိုပြုလုပ်ရာ ကြက်ဥငယ်က လည်း လိုအပ်တာတွေကို ဝန်းရံကာ လုပ်ဆောင်ပေးလေတယ်။ မိတ်ဆွေ နှစ်ဦးက ချစ်ကြည်ရင်းနှီးစွာနဲ့ နေ့လယ် စာကို အတူတကွမီးလှုံရင်း ချက်ပြုတ် စားသောက်ကြတော့သတဲ့။

ဒီပုံပြင် ဇာတ်လမ်းကလေးဟာ ဟိုးရှေးရှေးတုန်းက အဘိုးအဘွားတွေ က မိတ်ဆွေအပေါင်းအသင်းနဲ့ ပတ်သက် လို့ မြေးတွေ၊သားတွေကို ပြန်လည် ပြောပြကြရင်း ဖြစ်တည်လာတဲ့ လူရှေ တိုင်းရင်းသားသွေးချင်းတို့ရဲ့ လက်ဆင့် ကမ်းအမွေ၊ လူရှေတိုင်းရင်းသား ကျေးလက်ရိုးရာ ပုံပြင်တစ်ပုဒ်အဖြစ် အထင်အရှားကို ရှိနေရတော့တာပေါ့ ကွယ်။ ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**ကချင်ရိုးရာစကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းအတွင်း ကျေးလက် တောရွာတစ်ရွာရှိ သူငယ်ချင်းနှစ်ဦးဖြစ်သည့် ဗညားနှင့်လဂွန်းအိမ် တို့သည် ရွာဦးကျောင်း၌ ကျောင်းသင်ခန်းစာနှင့် ဘုန်းတော်ကြီးသင် စာပေများကိုသင်ယူလျက်ရှိသည်။

မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ကျောင်းအိပ် ကျောင်းစား ပညာဆည်းပူးနေကြသူများဖြစ်ရာ ပညာကိုလိုလားပြီး စာကြိုးစားသူများလည်းဖြစ်သည်။ အားလပ်ချိန်များတွင် ဘုန်းကြီး ကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစား ကြလေ့ရှိကြသည်။

"ဗညားရေ ဉာဏ်စမ်းမေးတမ်း၊ ဖြေတမ်းကစားရအောင်ကွာ"

လဂွန်းအိမ်က မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လဲလျောင်းရင်း ပြောလိုက်သည်။

"မေးလေကွာ၊ အမြဲအဆင်သင့်ပါပဲ"

"မေးပြီနော်။ "မြိုင်ထဲမှာ တရှုရှုဝက်အုပ်ထ" ဆိုတာ ဘာကိုပြော တာလဲ"

"လဂွန်းအိမ်ရာ မင်းရဲ့မေးခွန်းကလည်း အဆန်းသားပါလား... စဉ်းစားဖြေရမှာပဲ"

ဗညားတစ်ယောက် မန်ကျည်းပင်ကြီးကို ကျောမှီထိုင်လိုက်ရင်း စဉ်းစားနေသည်။

"အဖြေကတော့ ရှိပြီးသား ဗညားရေ .. စဉ်းစားမရရင် ပန်းပေး လိုက်ပေါ့ကွာ ဟင်း ဟင်း ဟင်း"

လဂွန်းအိမ်၏စကားကြောင့် ဗညားတစ်ယောက် အခံရခက်ရ သည်။ စဉ်းစားရင်းဖြင့် တဖြည်းဖြည်းပြုံးယောင်သန်းလာလေသည်။

"သူငယ်ချင်းရယ်...စဉ်းစားရင် အဖြေကထွက်ပါတယ်။ မင်း မေးတဲ့ "မြိုင်ထဲမှာ တရှုရှုဝက်အုပ်ထ" ဆိုတာ ကချင်တိုင်းရင်းသားရိုးရာ စကားထာတွေထဲကပဲ။ အဖြေက "ခေါင်းထဲကသန်းပေါ့။ ခေါင်းကဆံပင် တွေထဲမှာ သန်းတွေက တရှုရှုလှုပ်ရှားသွားလာနေတာကို ဆိုလိုတာပါ"

ဗညားက ဉာဏ်စမ်းအဖြေကို ပိုင်နိုင်စွာဖြေဆိုလိုက်ရာ လဂွန်း အိမ်တစ်ယောက် အသံတိတ်သွားတော့သည်။

"ဒီတစ်ခါ ငါမေးရမယ့်အလှည့်ပဲ။ ကြိုးစားပြီးသာဖြေပေတော့ လဂွန်းအိမ်ရေ"

"မေးမှာသာ မေးပါကွာ"

"မေးပြီသူငယ်ချင်းရေ" "အသုံးမပြုနိုင်တဲ့လှံ" ဆိုတာ ဘာကိုဆိုလို တာလဲ"

လဂွန်းအိမ်က ခေါင်းကုတ်ကာ စဉ်းစားသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင်ဖြစ်နေရသည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ အဆင်ပြေမယ်ထင်သလား၊ စဉ်းစားပေါ့ ကွာ" အကြံအိုက်နေသည့် လဂွန်းအိမ်ကို ဗညားက မထိတထိခပ်ထေ့ ထေ့ပြောလိုက်ခြင်းဖြစ်သည်။

"အဲဒီအဖြေကို နောက်မှ ငါဖြေမယ်။ မေးခွန်းတစ်ခုမေးချင်လို့"

"နိုးနိုး...သူငယ်ချင်း၊ အဖြေမပေးရသေးဘဲ နောက်မေးခွန်းမေးတာ လက်မခံပါ။ ဖြေမှာသာဖြေပါသူငယ်ချင်း အချိန်ကစေ့တော့မယ်နော်"

လဂွန်းအိမ်၏စကားကို ဗညားကလက်မခံသဖြင့် အဖြေကိုမရမက စဉ်းစားကာ ဖြေရပေတော့မည်။

"ဒါဆိုလည်း ဖြေရသေးတာပေါ့။ "အသုံးမပြုနိုင်တဲ့လှံ"လို့ မေးထား တာဆိုတော့ အဖြေကရှင်းပါတယ် ဗညားရာ။ အဖြေက .. "လယ်" ဆိုတဲ့ လယ်ယာမြေပေါ့။ အသုံးမပြုတဲ့လှံဟာ သံချေးတက်ကာ တုံးနေခြင်းကို လယ်ယာမြေနဲ့ ခိုင်းနှိုင်းထားတာဖြစ်တယ်။ ကချင် တိုင်းရင်းသားရိုးရာ စကားထာအုပ်စုထဲကပဲပေါ့"

လဂွန်းအိမ်ဖြေဆိုလိုက်သည့်အဖြေက တိကျသောကြောင့် ဗညားတစ်ယောက် မျက်လုံးပြူးသွားရသည်။

"တော်တော်လေးကို တော်ပါပေတယ်သူငယ်ချင်းရာ"။ "ငါတစ်ခု မေးဦးမယ်"

"မေးလေ ဗညား၊ မေးပါ"

"မေးချင်တာကတော့ "ခွဲမရအောင်ချစ်၊ အကူတောင်းတော့ မဖြစ်"ဆိုတာ ဘာလဲ၊ ဖြေပါသူငယ်ချင်း"

လဂွန်းအိမ်က အေးအေးလူလူဖြင့် ခပ်ပြုံးပြုံးပင်။ သိပ်ပြီးစဉ်းစား ဟန်မရှိဘဲ မြက်ခင်းစိမ်းစိမ်းများကို လက်ဖြင့်တစ်ချက်သပ်လိုက်ကာ ဖြည်းဖြည်းချင်းပြန်ဖြေသည်။

"သူငယ်ချင်းမေးတာက "ခွဲမရအောင်ချစ်၊ အကူတောင်းတော့ မဖြစ်"ဆိုတာကို မေးထားတာဆိုတော့ အဖြေက "ကိုယ့်အရိပ်" ပေါ့။ နေပူထဲသွားတဲ့အခါ ကိုယ့်ရဲ့အရိပ်ထင်နေတာကို ဆိုလိုရင်း ဖြစ်တယ်။ ကချင်တိုင်းရင်းသား ရိုးရာစကားထာတွေထဲကပါပဲ"

"မှန်ပါ့ဗျာ၊ မှန်ပါတယ်"

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံ လေးချက်ထွက်ပေါ်လာရာ ရေချိုးချိန်အတွက် အဆင်သင့်ပြင်ထားရန် အချက်ပေးခေါင်းလောင်းသံဖြစ်နေခြင်းကြောင့် ဗညားနှင့်လဂွန်းအိမ်တို့ နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

ဝတ္ထုတို

# ရီဝေမျက်ဝန်းနှစ်စုံ

လင်းမောင်(စီးပွားရေး)

**“မြတ်ဗုဒ္ဓရဲ့ အဆုံးအမဟာ ဘာလဲဆိုရင် ‘အတ္တာဟိ အတ္တနော နာထော’ ပဲ။ ဒီအဆုံးအမဟာ အင်မတန်မှတန်ဖိုးရှိတဲ့ အဆုံးအမပဲဖြစ်တယ်။ ‘မိမိသာလျှင် မိမိရဲ့ ကိုးကွယ်ရာ’ လို့ဆိုတယ်။”**

**အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)**

နံနက်စောစောနေသာသဖြင့် ကန်တော်ကြီးတွင် လမ်းလျှောက်ဖြစ်သည်။ ကန်ရေပြင်ပေါ်တွင် ခင်းထားသည့် တံတားပေါ်၌ လမ်းလျှောက်ရသည်က သက်သောင့်သက်သာရှိပြီး ဘေးအန္တရာယ်ကင်းသည်ဟု ခံစားရသည်။

“လေနုအေးက ညင်သာလိုက်တာ” အသံက တိုးတိုးညင်းညင်း။ အပါးကဖြတ်သွားသူတစ်ဦးဆီက အသံမှန်း ဘာသာသိလိုက်သည်။

ကန်ရေပြင်ကိုဖြတ်တိုက်လာသည့် လေနုအေးက နံနက်စောစောအအေးဓာတ်ကို ပိုမိုဖြည့်ဆည်းပေးနေသည်။ လမ်းလျှောက်သူတို့၏ စိတ်ကိုပိုမိုကြည်လင်အေးချမ်းစေသည်။ ခြေလှမ်းများကို အားဖြစ်စေသည်။

“ရွှေတိဂုံဘုရားနဲ့ ရှုခင်းကအေးချမ်းတယ်နော်”

အသံလာရာကို သတိမထားမိလိုက်။ ဘေးဘီဝန်းကျင်က တီးတိုးသံများပင်ဖြစ်သည်။ လမ်းလျှောက်ရင်း ရှူရှိုက်ရသည့် လတ်ဆတ်သည့်လေ၏တန်ဖိုးကား ကြီးမားလှပေသည်။ လေကိုတစ်ဝကြီး ရှူသွင်းလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ပြန်ထုတ်လိုက်၏။

“မေမေ ကရဝိက်နဲ့ ဓာတ်ပုံရိုက်ပေးပါနော်”

ကလေးငယ်တစ်ဦး၏အသံ။ ခုနစ်နှစ်အရွယ်ခန့် ကလေးငယ်တစ်ဦးက ဓာတ်ပုံရိုက်ပေးရန် သူ၏မိခင်ကိုပြောနေခြင်း။ ကလေးငယ်ကိုကြည့်ကာ တစ်ခဏမှင်တက်သွားမိသည်။ ကလေးငယ် ကံကောင်းလှပေစွ။ မိခင်နှင့်အတူ ကန်တော်ကြီး၏ တံတားပေါ်ကို ငယ်ငယ်ရွယ်ရွယ်နှင့် အပူအပင်ကင်းစွာ လမ်းလျှောက်ခံစားခွင့်ရပြီး ကရဝိက်ဆိုသည်ကိုလည်း သိတတ်နေသေးသည်။

မိမိငယ်စဉ်ကဘဝနှင့်ဖြင့် ကွာခြားလှပါတကား။

အတွေးများက ငယ်ဘဝဆီသို့ ရောက်ရှိသွားတော့သည်။



အမိမဲ့သားရေနည်းငါးဘဝဖြင့် ခက်ခက်ခဲခဲ ရုန်းကန်ဖြတ်သန်းခဲ့ရသည်။ အချိန်တို့က မည်သို့ကုန်ဆုံးသွားသည်မသိလိုက်။ ဆယ်နှစ်၊ ဆယ့်ငါးနှစ်၊ နှစ်နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ် စသည်ဖြင့် မြန်ဆန်လွန်းပေစွ။

အတိတ်ကအရိပ်တို့သည် ရုပ်ရှင်ပြကွက်အလားတစ်ကွက်ချင်းပြန်ပေါ်လာသည်။ ငယ်စဉ်တောင်ကြေးကလေးဘဝက ကျေးလက်ရွာကလေးတွင် ဖုန်အလူးလူး၊ ရွှံ့ဗွက်အထပ်ထပ်ဖြင့် ကြီးပြင်းလာခဲ့ရသည်များက ပြန်တွေးမိလိုက်တိုင်း လွမ်းစရာကောင်းနေသည်။

မူလတန်းကျောင်းသား၊ အလယ်တန်းကျောင်းသားဘဝများမှာ ရွာမှာကျောင်းတက်နေရသည်က လွယ်အိတ်ဇလာ၊ ဖိနပ်မပါဘဲ ကျောင်းသွားရသည့် အချိန်ကာလများ၊ အထက်တန်းကျောင်းသားအရွယ် မြို့ပေါ်တွင် တက်ရောက်ပညာသင်ကြားရသည့်တိုင် အဖြူအစိမ်းတစ်စုံဖြင့် နဝမတန်းပညာသင်နှစ်ကို ကုန်ဆုံးခဲ့ရဖူးသည်။ ယခုအချိန်အထိ စဉ်းစားမိလိုက်တိုင်း အားငယ်နေမိသေးသည်။ ဝမ်းနည်းနေမိသေးသည်။

“သနားစရာကောင်းပါဘိတော့။ မပြည့်စုံတဲ့ဘဝနဲ့ ဘယ်လိုများဖြတ်သန်းခဲ့ပါလိမ့်” တီးတိုးရေရွတ်မိသည့်စကား။ ဘာသာအံ့ဩမိပြန်သည်။

နောက်ကြောင်းပြန်လှည့်ကြည့်လျှင် ထိုထိုအချိန်များဆီက ဒဏ်ရာဒဏ်ချက်များ၊ အမာရွတ်များကား တစ်ပုံတစ်ပင်။ ကြေကွဲစရာ၊ ဝမ်းနည်းစရာ၊ အားငယ်စရာ၊ လူတောမတိုးဝံ့စရာ၊ လူရာမဝင်ဝံ့စရာအဖြစ် ခံစားမိသည်။

ထိုအချိန်ကာလများကို မည်သို့ကျော်လွှားအနိုင်ယူနိုင်ခဲ့ပါသလဲ။ “အတ္တာဟိ အတ္တနော နာထော” “မိမိသာလျှင် မိမိရဲ့ ကိုးကွယ်ရာ” ပါမောက္ခချုပ်ဆရာတော်ကြီး၏ စကားကို သတိရကြားယောင်မိလေသည်။

ထိုအချိန်က မိမိဘာသာကြိုးစားရုန်းကန်ခဲ့ရသည့် အချိန်ကာလများပင်ဖြစ်သည်။ တစ်တန်းပြီးတစ်တန်း တက္ကသိုလ်ဝင်တန်းအထိ တန်းစဉ်နှစ်ချင်းပေါက် အောင်မြင်နိုင်ခဲ့မှုကြောင့်သာ၊ ရန်ကုန်မြို့ကြီးသို့ ရောက်ရှိပညာသင်ယူခွင့်ရရှိခဲ့သည့်အခွင့်အရေးကို အမိအရဖမ်းဆုပ်နိုင်လိုက်၍သာ ဘဝကဖြောင့်ဖြူးလာရခြင်းဖြစ်လေသည်။

“ကိုလင်း မဟုတ်လား”

“ဗျာ…”

အသံရှင်ကိုကြည့်လိုက်စဉ်မှာ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

“ကလျာ မိမိ မိုး”

နာမည်ကိုတစ်လုံးချင်း ရွတ်ဆိုလိုက်နိုင်သည်အထိ မှတ်မိနေသေးသည်ကို ကလျာမိမိမိုးက အံ့အားတသင့်ဆိုရှာသည်။ မမှတ်မိနိုင်စရာမရှိကြောင်း ပြန်ပြောမိစဉ် ကလျာမိမိမိုးက မျက်လွှာကလေးကို မသိမသာချထားလေသည်။ အသက်ငါးဆယ်ကျော်အရွယ်များမှ ပြန်လည်ဆုံတွေ့ရသည့် တဒင်္ဂအချိန်တွင်ပင် ရင်ခုန်နိုင်စွမ်းအားကကြီးမားနေဆဲပင်။ ရင်ခုန်မှုတို့သည် အရွယ်နှင့် မဆိုင်ပါတကားဟု ဘာသာကြည်နူးမိပြန်သည်။

“မြန်မာပြည်ကို ပြန်ရောက်တာ လေးငါးနှစ်ရှိပြီ။ ကိုလင်းကို ဘယ်လိုမှစုံစမ်းရှာဖွေလို့မရဘူးလေ၊ တွေ့မယ်တွေ့တော့လည်း ကန်တော်ကြီးမှာ ပြန်တွေ့ရတယ်လို့၊ မိုးကံကောင်းတာပေါ့နော်”

ကလျာမိမိမိုးက ခရားရေလွှတ်တတွတ်တွတ်နှင့် ပြောနေသည့်တိုင် ကျွန်တော်ဘာစကားမှ ပြန်မပြောနိုင်။ ပြောမထွက်။ ဝမ်းသာလွန်းဆို့နေသည်လား၊ ပြောစရာစကားမရှိဖြစ်နေရသည်လား မသိ။ ကြာညောင်းကုန်လွန်ခဲ့ပြီးသည့် ကာလများစွာသည် အထီးကျန်မှုဖြင့်သာ ကြေကွဲစရာကောင်းနေပြန်သည်။

ပြည့်စုံကြွယ်ဝချမ်းသာမှုတို့ မည်မျှရှိနေစေကာမူ ချစ်ခင်နှစ်သက်သူများနှင့်ကွေကွင်းကာ အထီးကျန်ဖြစ်နေရခြင်းကိုက အတိတ်ဝဋ်ကြွေးကြီးမားမှု၏ ဖိစီးမှုပင်ဖြစ်တော့သည်။

ကလျာမိမိမိုးနှင့်ကျွန်တော် ကန်တော်ကြီးထောင့်က “မိုင်ဂါးဒင်း”မှာ နံနက်စာစားဖြစ်လိုက်သည်။

တက္ကသိုလ်တက်စဉ်က အင်းလျားမှာ ထိုင်ဖြစ်စဉ်၊ အင်းလျားလမ်းကစမိုင်းလ်မှာ ထိုင်ဖြစ်စဉ်တို့ကို သတိရမိလိုက်သေးသည့်တိုင် ယနေ့ နံနက်အချိန်ကိုဖြင့် မေ့နိုင်တော့မည်မဟုတ်။

“အတ္တာဟိ အတ္တနော နာထော”“မိမိသာလျှင် ကိုးကွယ်ရာ” အကြောင်းကိုသာ ကျွန်တော် ပြန်ပြောမိလိုက်သည်။

“ကိုလင်းက အတော်ကြီးကို ပြောင်းလဲသွားပြီနော်”

“ဘဝပေးအခြေအနေက တွန်းပို့လိုက်တာပါ မိုးရယ်”

ကျွန်တော် ပြန်ပြောလိုက်သည့်စကားက အသံထွက်သွားသည်လား၊ လည်ချောင်းဝမှာသာပျောက်ကွယ်သွားသည်လား သတိမထားမိလိုက်။

မိုး၏မျက်ဝန်းအိမ်တို့ ရီဝေနေသည်ကိုတော့ သိလိုက်သည်။

ကျွန်တော်လည်း ထိုနည်းလည်းကောင်း ဖြစ်နေပေလိမ့်မည်။ ။

# “ဝ”တိုင်းရင်းသားလူမှုဘဝ

မနုဿဝင်းမော်

## ရိုးရာတူရိယာ

“ဝ”တိုင်းရင်းသားသွေးချင်းတို့တွင် ရှေးရိုးရာတူရိယာကိုးမျိုးရှိကြောင်းသိရသည်။ ယင်းတူရိယာများအနက် “ဝ”တိုင်းရင်းသားတို့အတွက် အလေးအနက်အထားဆုံးနှင့် ရှေးအကျဆုံးတူရိယာမှာ “ကရောက်”ဟုခေါ်ဆိုသည့် “စည်” ဖြစ်သည်။

အဆိုပါ“စည်”မှာ အရှည်ငါးပေရှိပြီး လုံးပတ်အားဖြင့် သုံးပေရှိသည်။

“ကရောက်”ခေါ် “စည်”ကို ပြုလုပ်ရသည့်သစ်ပင်သည် သစ်ယားပင်ဖြစ်သည်။ ထိုအပင်ကို တောထဲတွင် ရှာဖွေခုတ်လှဲပြီး ရွာအတွင်းသို့ ရောက်ရှိရန် လူပေါင်း ၂၀၀ ခန့် ဝိုင်းဝန်းသယ်မယူဆောင်ရသည်။ ထိုသစ်ယားပင်ကိုထွင်းပြီး“ကရောက်”“ခေါ်“စည်”ကို ပြုလုပ်ကြကြောင်း သိရသည်။

ယင်း “ကရောက်”ကို နတ်ပူဇော်သည့်အခါနှင့် ခေါင်းဖြတ်ရန်အချိန်ကျသည့်အချိန်များတွင် တီးလေ့ရှိသည်။ ထို့အပြင် စစ်အောင်မြင်သည့်အခါများနှင့် နတ်ပူဇော်ပသရန် အခါတော်ပေးသည့် အခါမျိုးတွင် တီးလေ့ရှိကြောင်းလည်း သိရသည်။ ထို့နောက် စစ်ရှုံးသည့်အခါများတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဖြည်းညင်းစွာ တီးကြလေ့ရှိသည်။

“ဝ” တိုင်းရင်းသားသွေးချင်းတို့တွင် အခြားသောတူရိယာ ရှစ်မျိုးလည်း ရှိပါသေးသည်။

၁။ ဖြန် ခေါ် ဘူးဝါးပလွေ

၂။ ပီ ခေါ် ရိုးရိုးဝါးပလွေ

၃။ လော့ကလဲ ခေါ် ဘေးဘက်မှမှုတ်ရသောပလွေ

၄။ ကွန်း ခေါ် အိုးစည်

၅။ ကလောင်မောင် ခေါ် မောင်း

၆။ ချမ်း ခေါ် လင်းကွင်း

၇။ တက် ခေါ် ကျွဲချို

၈။ ရမ်း တို့ပင်ဖြစ်ကြသည်။

ထိုတူရိယာများမှ တက် ခေါ် ကျွဲချိုမှုတ်သံကို ကျားကကြောက်သဖြင့် “ဝ” တိုင်းရင်းသားများ နွားကျောင်းသည့်အခါတွင် မှုတ်လေ့ရှိသည်။ အဆိုပါ ကျွဲချိုကို နွေဘက်ရောက်မှသာ မှုတ်လေ့ရှိပြီး မိုးတွင်းကာလတွင် အသုံးပြုလေ့မရှိကြောင်း သိရသည်။

ရမ်း ဟူသည့်တူရိယာသည် လက်ဖြင့်တီးခတ်ပြီး ပါးစပ်မှ မှုတ်ရသော တူရိယာတစ်မျိုးဖြစ်ပေသည်။

အပျိုလူပျိုများတွေ့ဆုံကြသည့်အခါ အဆိုပါ ရမ်းတူရိယာကို အသုံးပြုလေ့ရှိပြီး ထိုတူရိယာ၏အသံကို “ဝ” တိုင်းရင်းသူအပျိုများက နှစ်သက်ကြကြောင်းနှင့် ရမ်းမှုတ်ကျွမ်းကျင်သူများ၏ မှုတ်သံကိုကြားရသည့်အပျိုများမှာ မျက်ရည်ကျသည်အထိ စွဲလမ်းခံစားကြရကြောင်း သိရသည်။

အခြားသော တူရိယာခြောက်မျိုးကို ရိုးရာအက ကသည့်အချိန်နှင့် ပွဲတော်ကျင်းပသည့်အချိန်များတွင် ဝိုင်းဖွဲ့တီးခတ်လေ့ရှိကြောင်း “ဝ” တိုင်းရင်းသားသွေးချင်းတို့၏ တူရိယာများအကြောင်းကို မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။

**ရည်ညွှန်းနှင့်ဓာတ်ပုံ။ ။ “ဝ” တိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ၊ ပါမောက္ခဒေါ်တင်ရီနှင့်အဖွဲ့**



“ဝ” တိုင်းရင်းသားတို့၏ ရိုးရာစည်တစ်မျိုးကိုတွေ့ရစဉ်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ကြာမြင့်စွာ ကွဲကွာခဲ့ရလင့်ကစား ရင်ထဲမှာ ထာဝစဉ်ရှိနေသည့် သမီး၊ အသည်းနှလုံးအိမ်မှာ ထာဝစဉ် ခိုဝင်နေသည့်သမီး၊ အသက်ရှင်လျက် လူသေတစ်ပိုင်းဖြစ်နေခဲ့ရလင့်ကစား သည်သမီး အပေါ် မျှော်လင့်ချက်မကုန်ခန်းနိုင်ဘဲ သည်သမီးကို မျှော်လင့်စောင့်စားနေမိခြင်းကပင်လျှင် လူ့ဘဝ၌ ဆက်လက် အသက်ရှင်ရပ်တည်နေနိုင်အောင် ဖန်တီးပေးထားသလို ရှိခဲ့ရသည်။ အသည်းနှလုံး ပမာ ချစ်ရလေသောသမီး၊ မျက်စိမျက်ဆန်ပမာ ချစ်ရလေသောသမီး။ သည်သမီးနှင့် မိနစ်ပိုင်း အတွင်း ဆုံတွေ့ရတော့မည်ဆိုသောအခါ အဘယ် မှာလျှင် အသည်းနှလုံးတို့ ပူနွေးမလာဘဲ နေနိုင်ပါ မည်နည်း။ အဘယ်မှာလျှင် ရင်မှာ တထိတ်ထိတ် မခုန်ဘဲရှိနိုင်ပါမည်နည်း။ ငိုချင်သလိုလို၊ ရယ်ချင် သလိုလို၊ ရူးချင်သလိုလို၊ နှမ်းချင်သလိုလိုနှင့်။ အို .... လောကကြီးတစ်ခုလုံးကို ကြေညာလိုက် ချင်ပါရဲ့။ အသိပေးလိုက်ချင်ပါရဲ့။ လောကကြီး တစ်ခုလုံးကိုသာမက စကြဝဠာအနှံ့ ပွဲတင်သံရိုက် ခတ်သွားအောင် အော်ဟစ်ပစ်လိုက်ချင်ပါရဲ့။ ခင်ခင်ကြီးတို့ ချစ်လှစွာသောသမီးနှင့် ဆုံရတော့ မည်ဟု၊ ချစ်လှစွာသော သမီးကလေး၏မျက်နှာကို မြင်ရတော့မည်ဟု။

သမီးငယ်၏ ဆင်းပြင်ရုပ်ဝါ လက္ခဏာအသွယ် သွယ်က အဘယ်သို့ရှိပါလိမ့်။ အနောက်တိုင်းမှာ အနေကြာသည်ဆိုတော့ ဝါသောအသားကလေးများ သည်ပင် ဖွေးနုနေရှာလေမလား၊ ပါးမို့ကလေး တွေကလေအေးကြောင့်ပန်းနုရောင်သွေးနေရှာလေ မလား။ ဖခင်ဖြစ်သူနှင့် ရုပ်သွင်ချင်း ဆင်သည်ကို တော့ ယေဘုယျသိထားခဲ့ရသည်။ သည်သို့ဆိုလျှင် တော့ မိန်းမချောကလေးဖြစ်ဖို့ သေချာသည်။ ဖခင်၏ရုပ်သွင်ကိုပင်လျှင် စွဲလမ်းတွယ်တာခဲ့ရသော အဖြစ်များကို အမှတ်ရသည်။

တစ်နှစ်တာလုံး စောင့်စားခဲ့ရသည်ပင်ဖြစ်စေ၊ စောင့်မျှော်ရခြင်း၏ နောက်ဆုံးစက္ကန့်သည် အရှည် ကြာဆုံးဖြစ်သည်ဆိုသောစကားကို ကြားရဖူးသည်။ ယင်းသို့ပင်ဖြစ်မည်။ စောင့်မျှော်ရသော မိနစ်တို့ ကား တစ်နေ့တစ်ရက်မက၊ တစ်ဘဝ တစ်ကမ္ဘာနှယ် ကြာမြင့်လှသည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီး၏စိတ် တွင် ထင်နေမိသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး ဆုတောင်းသည်။

ဆိုက်လာပါတော့ လေယာဉ်ရယ်။ ရောက်လာပါ တော့သမီးငယ်ရယ်။

x x x x x

လေယာဉ်ဦးမှ "ဆေးလိပ်မသောက်ရ"၊ "ခါးပတ် ပတ်ထားပါ" ဆိုသော မီးနီစာတန်းကလေးများကို မြင်လိုက်ရလေမှပင် နွယ်နွယ်ထွန်းသည် အတွေး အိပ်မက်မှ ရုတ်တရက် လန့်နိုးလာရသည်။

မကြာမြင့်မီကာလအတွင်း မိခင်မြေပေါ်သို့ ပြန်လည် ခြေချရတော့မှာပါကလားဟူသော အတွေးကြောင့် ရင်ထဲမှ နွေးလာသည်။ လေယာဉ် သည် တစ်စထက်တစ်စ မြင့်တက်ရှိန်ကို လျှော့ချကာ နိမ့်နိမ့်လာသည်။ သို့နှင့်အမျှ အောက်ခြေမှမြင်ကွင်းသည် တစ်စထက်တစ်စ ကြည်လင်ပြတ်သားလာသည်။

နွယ်နွယ်ထွန်းသည် ခါးပတ်ကို ဆွဲယူပတ်ရင်းမှ ပြတင်းမှန်ပေါက်သို့ မျက်နှာကလေးတိုးကပ်ကာ မြင်ကွင်းကို ကြည့်မိသည်။

တောအရေးတို့သည် စိမ်းမြလျက်ရှိသည်။ တောနှင့်မရောသော ရန်ကုန်မြို့ကွက်မှာ တိုက် တာ အိမ်ခြေတို့ဖြင့် ပြည့်ကျပ်လျက် ရှိသည်။ ခွေခေါက်တွန့်လိမ်စွာ တက်ရောက်နေသော ခေါင်းတိုင်မီးခိုးများနှင့် မြူများရောယှက်ကာ တိုက် တာ အိမ်ခြေတစ်ပိုက်ဆီတွင် မှိုင်းပျနေသည်။ မြို့ကွက်နှင့် စပ်လျက်ရှိသောနေရာဝယ် သွယ်နွယ် ခွေခေါက်နေသော မြစ်တစ်သွယ်ကို မြင်ရသည်။ ရန်ကုန်မြစ်ဖြစ်ရပေလိမ့်မည်။ တောအုပ်စိမ်းစိမ်း တို့အကြားမှ ဟိုတစ်ကွက် သည်တစ်ကွက် ပေါ်ထွက် နေသော ပြာလွဲ့လွဲ့ရေပြင်ကျယ်တို့မှာ အင်းလျား လေလား၊ လှော်ကားလေလား စိတ်အသိတွင် မကွဲပြား။

မြန်မာပြည်၏ အထိမ်းအမှတ်၊ ရန်ကုန်မြို့၏ အမှတ်အသားဖြစ်သော ရွှေတိဂုံစေတီတော်သည် ထင်းခနဲပေါ်နေသည်။ ဝင်လုဆဲနေရောင်ခြည်က စေတီတော်၏ ရွှေရောင်အဝင်းအလဲ့ကို ပိုမိုဝင်းမှည့် တောက်ပစေသည်။

နွယ်နွယ်ထွန်းအနီးမှ ကမ္ဘာလှည့်ခရီးသည် မောင်နှံသည် ရွှေတိဂုံစေတီတော်သို့ လက်ညှိုး တထိုးထိုးဖြစ်နေသည်။

မင်္ဂလာဒုံလေဆိပ်ကို လှမ်း၍မြင်သာလေပြီ။ နွယ်နွယ်ထွန်း၏ရင်မှာ ပို၍ခုန်လာသည်။ ပို၍ပူနွေး လာသည်။

ခရီးသွားအလေ့အကျင့်ရှိပြီးသူမို့ တစ်နေရာသို့ ရောက်တော့မည်ဆိုလျှင် စိတ်၌ လှုပ်ရှားခြင်းကင်း အောင် နေတတ်ခဲ့သည်မှာ ကြာပြီ။ သို့ပေမဲ့ သည် တစ်ခါမှာမူ ယင်းသို့နေ၍မရနိုင်ခဲ့။

အကယ်၍ သာမန်သဘောလောက်သာဖြစ်သော မိခင်မြေသို့ ပြန်လည် ခြေချရခြင်းမျိုးဆိုလျှင် နွယ်နွယ်ထွန်း သည်မျှ စိတ်လှုပ်ရှားရမည်မဟုတ်။ ယခုမူ အဖြစ်အပျက်တို့က သာမန်မဟုတ်။ သမားရိုးကျမဟုတ်။ မထင်မှတ်နိုင်လောက်အောင် ဆန်းကြယ်နေခဲ့သည်။

နွယ်နွယ်ထွန်းသည် မိမိကိုယ်မိမိ မွေးစားသမီး ဟူသောအဖြစ်မျိုးဖြင့် ကြုံဆုံရလိမ့်မည်ဟု မည်သည့် အခါကမျှ မထင်ခဲ့။ မမျှော်လင့်ခဲ့။ သည်ပြဿနာ သည် အနှစ်နှစ်ဆယ်ကျော်အတွင်း သည်တစ်ခါ မှာသာ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော လေးလကာလမှ စတင်ခဲ့ခြင်းဖြစ်သည်။ နွယ်နွယ် ထွန်းအနေနှင့်ကမူ ဦးကျော်ထွန်းသည် လည်း ကောင်း၊ ဒေါ်နွယ်နွယ်သည်လည်းကောင်း မိမိ၏ မိဘရင်းချာများဖြစ်သည်ဟုပင် ထင်ခဲ့သည်။ သံသယဟူ၍ တစ်စက်ကလေးမျှ မဝင်ဖူးခဲ့။

သည်ပြဿနာကို စတင်ခဲ့လေသူက မျိုးထွန်း သိန်း။ နွယ်နွယ်ထွန်းထံ သူ့ထံမှ စာရောက်လာသည်။ သည်အခါကျမှပင် မိမိ၏ မိဘအရင်းအချာအစစ်မှာ ဦးမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးဆိုသူ တို့ဖြစ်ကြောင်း သိရသည်။ မိမိကိုယ်မိမိ မွေးစား သမီးဖြစ်ကြောင်း စတင်သိရှိရသည်။

ထိုအခါကျမှပင် "ဒေါ်ရေနံ့သာခင်ခင်ကြီး" ဟူသော ထူးခြားဆန်းကြယ်သည့်အမည်ကို နွယ်နွယ်ထွန်း ကြားဖူးရခြင်းဖြစ်သည်။ ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်ဟူသည် အကယ်စင်စစ် မိမိ၏ မိဘရင်းချာများမဟုတ်ကြောင်း၊ မိမိကို ငယ်စဉ်ကတည်းက မွေးစားသမီးအဖြစ် မွေးမြူ လာသူများဖြစ်ကြောင်း သိခဲ့ရသည်။

သည်အကြောင်းများကို ကြားသိရစက နွယ်နွယ် ထွန်း တကယ်ပင် မယုံကြည်မိ။ မျိုးထွန်းသိန်း သက်သက်နောက်သည်ဟု အထင်ရှိခဲ့သည်။ နွယ်နွယ်ထွန်းအဖို့ မျိုးထွန်းသိန်းသည်ပင် အတန် ငယ် မှုန်ဝါး၍နေခဲ့ပေပြီ။ မမေ့မလျော့သေးသော် လည်း စိတ်မှာ တမ်းတမ်းတတရှိခဲ့သည်မဟုတ်။ တကယ်တမ်း စွဲမြဲနေသည်မဟုတ်။ ငယ်စဉ်ကတော့ အကြောင်းကြောင်းတွေ ရှိခဲ့ကြဖူးသည်။ ဤသည် မှာလည်း အသည်းနုနယ် ငယ်ရွယ်စဉ်က မိုက်မှား ခြင်းများသာ ဖြစ်ခဲ့သည်ထင်၏။

နွယ်နွယ်ထွန်းသည် မျိုးထွန်းသိန်း၏ အဆိုပြု ချက်များကို လျစ်လျူရှုထားခဲ့သည်။ စာပင် ပြန် မရေးခဲ့။ မျိုးထွန်းသိန်းဘက်က သူ၏အဆိုပြုချက် များကို ပိုမိုခိုင်မာအောင် ထပ်မံစာရေးခဲ့သည်။

"နွယ်နွယ်ထွန်းသည် မိမိကိုယ်မိမိ မွေးစားသမီးဟူသော အဖြစ်မျိုးဖြင့် ကြုံဆုံရလိမ့်မည်ဟု မည်သည့်အခါကမျှမထင်ခဲ့။ မမျှော်လင့်ခဲ့။ သည်ပြဿနာသည် အနှစ်နှစ်ဆယ်ကျော်အတွင်း သည်တစ်ခါမှာသာ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သောလေးလကာလမှ စတင်ခဲ့ခြင်းဖြစ်သည်။ နွယ်နွယ်ထွန်းအနေနှင့်ကမူ ဦးကျော်ထွန်းသည် လည်းကောင်း၊ ဒေါ်နွယ်နွယ်သည်လည်းကောင်း မိမိ၏ မိဘရင်းချာများ ဖြစ်သည်ဟုပင် ထင်ခဲ့သည်။ သံသယဟူ၍ တစ်စက်ကလေးမျှ မဝင်ဖူးခဲ့။ သည်ပြဿနာကို စတင်ခဲ့လေသူက . . ."

သတင်းစာဖြတ်ပိုင်းများ ပို့ပေးခဲ့သည်။ သည်မှာ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် လူသတ်မှုဖြင့် အဖမ်း အဆီးခံထားရကြောင်း သိရသည်။ သူသတ်ခဲ့ သူမှာလည်း မိမိ၏ ဖခင်ဆိုသော ဦးမောင်မောင်ဦး။

သည်တော့လည်း နွယ်နွယ်ထွန်း စိတ်မဝင်စား၍ မရတော့။ အာရုံမဝင်စားဘဲနေ၍ မဖြစ်တော့။ ဦးကျော်ထွန်းနှင့် ဒေါ်နွယ်နွယ်တို့ကပါ မျိုးထွန်း သိန်းဘက်က ပါလာသည်။ မျိုးထွန်းသိန်း၏ အဆိုပြုချက်ကို ဟုတ်မှန်ကြောင်း ထောက်ခံလာ ကြသည်။ စစ်အတွင်းက စလင်းသို့ စစ်ပြေးရင်း မိမိကိုတွေ့ရှိကာ မွေးစားခဲ့ကြောင်း၊ အနှစ်နှစ်ဆယ် ကျော်မျှ မိဘရင်းကို စုံစမ်း၍မရဘဲ ယခုမှ ပေါ်လာ ကြောင်း ဦးကျော်ထွန်းထံမှ စာရသည်။

နွယ်နွယ်ထွန်းသည် မိမိ၏ဘဝအတွက် အံ့သြ၍ မဆုံးတော့ပြီ။

စာအဆက်အသွယ်ဖြင့် အဖြစ်အပျက် ရေလည် တန်သလောက် ရေလည်လာသည်။ နားလည်တန် သလောက် နားလည်ခဲ့ရသည်။ သို့တိုင်အောင် ဘဝင်မကျလှသေး။ ရပ်ဝေးမြေခြားတွင် ရှိခဲ့ရသဖြင့် အားမလိုအားမရဖြစ်ရသည်။ အနီးအနားမှာသာဆို လျှင်တော့ ပြေးတွေ့ကာ သိချင်သမျှကို မေးလိုက် ချင်သည်။ ယခုမူ မယုံတစ်ဝက် ယုံတစ်ဝက်။ စိတ် မှာ မတင်မကျ စနိုးစနောင့်နှင့်။

ပြီးလျှင် ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ လူသတ်မှု အတွက် စီရင်ချက်အချခံရမည့်ဆဲဆဲတွင် ရှိသည်။ ကံကြမ္မာက မည်သို့ဖန်လာမည်မသိတတ်နိုင်သေး။

ထို့ကြောင့်ပင် မိခင်မြေသို့ ပြန်လည်ခြေချရတော့ မည်ဆိုသောအခါ နွယ်နွယ်ထွန်း၏စိတ်မှာ မငြိမ် မသက်ဖြစ်ရသည်။ ရင်မှာ ပူနွေးနေရသည်။ ရောက် ချင်စိတ်စောသည်နှင့်အမျှ ရောက်လာရသောအခါ မည်သို့သောအဖြစ်မျိုးနှင့် ရင်ဆိုင်တိုးရလေမည် နည်းဟု တွေးတော ရင်မောမိသည်လည်း အမှန်ပင်။

မိမိ၏ မိခင်အရင်းဆိုသော ဒေါ်ရေနံ့သာ ခင်ခင်ကြီးဆိုသည့် ဆန်းကြယ်သော အမျိုးသမီးကြီး နှင့်လည်း ဆုံချင်သည်။ ဦးကျော်ကျော်ထွန်း၊ ဒေါ်နွယ်နွယ်တို့ကိုလည်း တွေ့ချင်သည်။ ပြီးလျှင် မိမိနှင့် ရုပ်ဆင်းသဏ္ဌာန် တူလှပါသည်ဆိုသော နန်းကိန္နရီကိုလည်း မြင်ချင်သည်။

စင်စစ်တွင်မူ နွယ်နွယ်ထွန်း၏ဘဝမှာ ယခင်အခါ က ရေကန်မျက်နှာပြင်နှယ် တည်ကြည်သည်။ ငြိမ်သက်သည်။ ယခုမူ ဒေါ်ရေနံ့သာခင်ခင်ကြီးဟူ သော ခဲတစ်လုံးကျလာကာ ဂယက်ထခဲ့ရသည်။ လှိုင်းတွန့်များ ပေါ်လာရသည်ဆိုသော် ရစကောင်း အံ့ ထင်သည်။

မိုးကုပ်စက်ဝိုင်း အနားသတ်လောက်ဆီမှာအစက် အပြောက်ကလေးတစ်ခု ပေါ်လာသည်။ လေယာဉ် တစ်စင်း ဖြစ်သည်။ ယင်းကိုမြင်ရလျှင် ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏ရင်ထဲမှာ ထိတ်ခနဲနေသွားသည်။ ကိုယ်မှာ ဆတ်ခနဲဖြစ်သွားသည်။

အရိပ်အခြည်ကို အကဲခတ်နေကြသော ဗိုလ်မှူး ညိုထွန်းတို့လူသိုက်သည် ထိုင်ရာမှ ထလိုက်မိကြ သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအပါးသို့ စုပြုံ ရောက်ရှိလာသည်။

"ဟိုမှာ၊ ဒါပဲဖြစ်ရမှာပေါ့နော်"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏စကားသံကို ကြားကြ ရသည်။ အသံသည် တုန်နေသည်။ သူ၏မျက်ဝန်း များမှာ တောက်ပလာသည်။ တလက်လက်ဖြစ်လာ သည်။ မျက်နှာမှာလည်း သွေးရောင်လွှမ်းတက်နေဘိ သည်သို့ ရှိသည်။ နှုတ်ခမ်းကလေးများသည် တဆတ်ဆတ်တုန်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် -( ၉ )၊ နော်ခမ်းဦးလမ်း၊မြေကွက်အမှတ် -( ၇၈၈ )၊( ၀.၀၅၅ )ကေအကျယ်ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုတရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်ပြီးအပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးအောင်ထွန်းလွင်၁၂/ဥကတ(နိုင်)၀၃၁၁၈၇ ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍( ၇ )ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဖွန့်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်-၇၇၅၇) | (စဉ်-၈၁၁၂) | (စဉ်-၁၃၂၃၅) |

တ ရား လွှတ် တော် ရှေ့ နေ များ (PYT LAW FIRM)
ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၉-၅၀၅၇၇၁၄ ၊၀၉၉၅-၅၀၅၇၇၁၄

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ်(၂၀)၊ အခန်းအမှတ် (၁၀၁) အား အမည်ပေါက် ဦးစိန်လွင် [၁၂/တမန(နိုင်)၀၄၅၃၀၁] ထံမှ ဦးကျော်မိုးဝင်း [၁၂/ကတန(နိုင်)၀၃၉၅၃၂]က ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ အ.ထ.က နတ်စင်ကုန်းကျောင်း၊ Grade-8 မှ မလင်းရတီချို၏ ဖခင်အမည်မှန်မှာ ဦးဝေလင်းထိုက် [၁၂/ကမန(နိုင်)၀၇၆၂၅၂]ဖြစ်ပါကြောင်း။

**ဦးဝေလင်းထိုက်**

## ကားရောင်းမည်

TAXI တိုယိုတာကယ်ဒီးနား ပဲခြမ်း တစ်လက်ကိုင် ကားသန့် ခဲရောင် သိန်း ၁၈၀

**ဖုန်း-၀၉-၅၁၅၈၁၄၀**

## ပျောက်ဆုံးကြောင်း

ဦးဇင်ဇင်အောင်(၆/ထဝန(နိုင်)၀၇၀၂၂၂) ပိုင်ဆိုင်သော"အောင်သူဇော်-၈၈" 5815(A) ငါးဖမ်းရေယာဉ်၏ ဂရန်နှင့် L.S.A မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကဆက်သွယ်ပေးပါရန်။ ၀၉-၄၂၀၂၈၈၅၃၃

## သွေးသည် အသက်

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "ကျော်ကျော်ဝင်း-၁" အမည်ရှိ ငါးဖမ်းရေယာဉ်(မှတ်ပုံတင်နံပါတ် -ON-4651၊ စုစုပေါင်းတန်ချိန် - ၁၁၉.၀၁)၊ အလျား (၇၀)ပေ၊ အနံ (၂၂.၇၅)ပေ၊ ဝန်းလုံး (၄၀.၅၀)ပေအား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးမျိုးအောင် [၆/ကသန(နိုင်)၀၀၇၂၄၇]၊ အမှတ်(၅၉)၊ ဘုရင့်နောင်(၂)လမ်း၊ မြို့သစ်(အေ+ဘီ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ အမည်မှ ဦးညီညီ [၆/ထဝန(နိုင်)၀၁၉၂၃၃]၊ အမှတ်(၃)၊ ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်၊ ကော့သောင်းမြို့ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဥဒ္ဒေနာ(၆)လမ်း၊ အမှတ်(၁၉၅)နေ ဒေါ်ခိုင်ခိုင်[၁၂/ဥကမ(နိုင်)၁၈၀၉၃၉] ကိုင်ဆောင်သူသည် အပြီးအပိုင်ရောင်းချသူများဖြစ်သည့် (၁) ဦးမြဝင်း[၁၂/ဥကမ(နိုင်)၀၀၀၄၅၇]၊ (၂) ဒေါ်ချိုချိုမာ[၁၂/အလန(နိုင်)၀၀၂၅၅၈]တို့ထံမှ ၎င်းတို့ တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် မြေကွက်ရောင်းချသူ ဦးမြဝင်းမှ ကွယ်လွန်သူမိဘများဖြစ်သည့် ဦးကျော်ညွန့်၊ ဒေါ်လှသိန်းတို့၏ အမွေပစ္စည်းတွင် (၃)ပုံ(၁)ပုံ ရထိုက်ခွင့်ရှိကြောင်း(၆-၁၁-၂၀၁၉)ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၁၇)တွင် ချမှတ်ခဲ့သော ပဏာမဒီကရီအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှသိန်း အမည်ဖြင့် မှတ်သားတည်ရှိသော အမှတ်(၄၈၃)၊ ကရဝိတ်(၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ရှိ အမွေပစ္စည်းတွင် (၃)ပုံ(၁)ပုံ ရထိုက်ခွင့်ရှိသည့် (အလျား ၁၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား(၂၅-၇-၂၀၂၂)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်မှ မြေကွက်ရောင်းဖိုးငွေများအား ပေးချေဝယ်ယူခဲ့ပြီး၊ မြေကွက်အားလည်း လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| ဒေါ်နှင်းပွင့်လှိုင် | ဦးညွန့်လှိုင် |
|---|---|
| LL.B | LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၄) | တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၀၆) |

**အမှတ်(၃၃၀)၊ ဥဒ္ဒေနာ(၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၃၂၈၇၊ ၀၉-၇၆၁၅၃၃၀၆၃**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အောက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုံ-၅၊ ရောဝတီလမ်း၊ အမှတ်-၈၃ ရှိ **Royal (M) Food Manufacturing Company Limited** ၏ မူပိုင်အဖြစ်ရယူပြီး မှတ်ပုံတင်သွင်းထားသော လုပ်ငန်းအမှတ်တံဆိပ် အမည်၊ အမှတ်၊ အသား ဖြစ်ပါသည်-

(၄/၂၆၂၂/၂၀၂၂)

အထက်ဖော်ပြပါ**Florence**အမည်နှင့်အမှတ်အသားကုန်အမှတ်တံဆိပ်ကို စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုရသည့် ကုန်ကြမ်း ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုပြီး၊ **Royal (M) Food Manufacturing Company Limited** ၏ တစ်ဦးတည်းမူပိုင် တံဆိပ်အမည်အမှတ်အသားအဖြစ် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် ဖြန့်ချိရောင်းချလျက် ရှိပါသည်။

သို့ပါ၍ ယင်းအမှတ်တံဆိပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထင်ယောင်ထင်မှား၊ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခဲ့လျှင် ဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းသတိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စန်းစန်းမြင့်ဝေ တရားလွှတ်တော်ရှေ့နေ (၆၇၆၂/၁၂.၇.၁၉၉၉)**
**အမှတ်-၄၆(ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ(၄)လမ်း၊ အမှတ်(၂၃၅)၊ နှစ်ခန်းတွဲ RC (၅)ထပ်တိုက်မှ စတုတ္ထထပ် (၅-လွှာ)၊ တိုက်မျက်နှာမူ (လက်ယာဘက်အခန်း)၊ ဧရိယာ(၅၉၄) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလွင်ကိုကို [၉/မရမ(နိုင်)၀၉၁၇၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြတ်နိုးဝေ [၁၄/ဟသတ(နိုင်)၃၀၅၀၂၁]မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မြတ်နိုးဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး**
**LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**Ph 09-450023651, 09-793568375**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းအမှတ်- ၃၆-အိုင်၊ မြေကွက်အမှတ်-၆၉-ဘီ/၇၊ ဧရိယာ(၀.၂၂၂)ကေရှိ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝင်းကြည် [၁၂/ဗဟန(နိုင်)၀၅၃၉၃၅]၊ အမ်အမ်အေ-၀၅၆၉၁၈ က သမီး အရင်းဖြစ်သူ ဒေါ်ဝင်းဖြူဖြူ[၁၂/ဗဟန(နိုင်)၀၈၄၄၂၇]အားမေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ် - ၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၇၂၆၈၁၊ ၀၁-၈၅၅၀၇၇၆**
**H.P ၀၉-၅၀၂၁၂၄၄၊ ၀၉-၄၅၅၀၂၁၂၄၄**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက် အမှတ်(၃)၊ မြေကွက်အမှတ် (၁၆၄/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ အမှတ်(၂၄/က)၊ ရန်ပြေ(၁၀)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော ဦးဘိုအမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်ပပဝင်း[၇/ဖမန(နိုင်)၀၉၆၁၄၄]မှ အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဂရန်အမည်ပေါက် ဦးဘိုထံမှ ဝယ်ယူပိုင်ဆိုင်နေထိုင်လာသော မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတစ်ဦးတည်း နေထိုင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအမွေစားအမွေခံ၊ အပေါင်အနှံအရှုပ်အရှင်းမှစ၍ အာမခံအဖြစ်တင်သွင်းထားခြင်းတို့မှ လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အထက်ရည်ညွှန်းလိပ်စာပါ အမှတ် (၂၄/က)၊ ရန်ပြေ(၁၀)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးရဲဝင်း[၁၂/သကတ(နိုင်)၁၁၈၅၁၂] မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်း စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**
**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507, 09-772766716**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၂၈)လမ်း၊ အမှတ်- ၂၂၁/က ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်-၂၂၁/က၊ ဧရိယာအကျယ်အဝန်း(၀. ၀၂၇၅)ဧက(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်အေးမော် (၁၂/ဥကတ(နိုင်)၀၉၇၈၁၈)ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်စန်းစန်းမေ (၁၂/လမန(နိုင်)၁၀၂၅၅၆)မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ လုပ်ဆောင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြအောင်(အောင်ကြီး)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)
**Aim Law Firm**
အမှတ်-၇၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၅၁၂၄၆

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "ရှိုင်းထက်ကျော်"အမည်ရှိ ငါးသယ်ရေယာဉ် (မှတ်ပုံတင်နံပါတ်-ON-6798(A)၊ စုစုပေါင်းတန်ချိန်-၈၀.၂၄)၊ အလျား(၆၈.၅၀)ပေ၊ အနံ (၁၉.၅၀)ပေ၊ ဝန်းလုံး(၃၃)ပေအား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးရှိုင်းကိုကို [၆/မမန(နိုင်)၁၈၅၂၆၅] မြရိပ်ညို(၃)လမ်း၊ ကလွင်ရေပုန်းရပ်၊ မြိတ်မြို့အမည်မှ ဦးညီညီ [၆/ထဝန(နိုင်)၀၁၉၂၃၃]၊ အမှတ်(၃)၊ ဗိုလ်ချုပ်လမ်း၊ ပိတောက်ရွှေဝါရပ်၊ ကော့သောင်းမြို့ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ တိုက်အမှတ်(၁/၃)၊ The Vista Luxury Residence၊ Basement(၂)ထပ်+RC(၆)ထပ်(Lift ပါ) ကွန်ဒိုတိုက်၏ဒုတိယထပ် (D)အခန်း၊ Type-D၊ အခန်းအမှတ်(၂၀၄)၊ ဧရိယာ(၁၀၄၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးခင်မောင်သွင် [၁၂/ပဘတ(နိုင်)၀၁၀၁၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမင်းလွင်ဦး[၆/ထဝန (နိုင်)၀၉၆၉၄၅]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းလွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော်**
**LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**Ph-09- 765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁)ရပ်ကွက်၊ အောင်ရွှေစင်လမ်းသွယ်(၄)၊ အမှတ်(၈၄၄)ဟုခေါ်တွင်သော အကျယ် (၁၀ပေx၆၀ပေ)ရှိ မြေနှင့် ၎င်းမြေပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဆုသက်ပိုင် [၁၂/ဥကမ(နိုင်)၁၉၉၀၀၉] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်ဦး[၈/အလန(နိုင်)၁၆၈၀၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်းမကြီး၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-258465871,09-953010778**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁)ရပ်ကွက်၊ ငုရွှေဝါ(၁)လမ်း၊ အမှတ်(၁၆၉)ဟုခေါ်တွင်သော အကျယ် (၂၀ပေx၆၀ပေ)စတုရန်းပေ(၁၂၀၀)ရှိ မြေကွက်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်နိုင် [၁၂/ဥကမ(နိုင်)၁၄၆၈၄၈]ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရှိုင်းထက်ကို[၁၂/တကန(နိုင်)၁၉၃၇၅၀]၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်းမကြီး၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-258465871,09-953010778**

## "ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(ကြည်စု)၊ မြေကွက်အမှတ်(၈၁/ခ) ဟုခေါ်တွင်သော (၂)ခန်းတွဲ(၃)ထပ်ခွဲတိုက် အဆောက်အဦ၏ ဒုတိယထပ်(၃-လွှာ)၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂ပေခွဲx၄၇ပေ)ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း"

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းမှာ မြေရှင် ဦးစိန်ဝင်း[၁၂/ဒပန(နိုင်)၀၁၆၈၄၆] အမည်ပေါက်သော မြေပေါ်တွင်ဆောက်လုပ်ထားသော တိုက်ခန်းဖြစ်ပြီး၊ ရောင်းချရန်ကမ်းလှမ်းလာသူ ဒေါ်မေသူလှိုင် [၁၂/ဒပန(နိုင်)၀၅၄၃၉၅] မှ အရပ်ကတိအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်နေထိုင်လာသော တိုက်ခန်းဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အခြားအမွေစားအမွေခံ အပေါင်အနှံမှစ၍ အာမခံအဖြစ်တင်သွင်းထားခြင်းတို့မရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးအေးမင်းပိုက် [၁၂/လသန(နိုင်)၀၁၈၈၈၃]နှင့် ဒေါ်ဇဇေး [၁၃/လရန(နိုင်)၁၀၉၇၅၅]တို့မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးမင်းပိုက် နှင့် ဒေါ်ဇဇေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**
**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778434507, 09-772766716**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်-၁၉၂(က) နေထိုင်ခွင့်လက်မှတ်- ၃၁၇၆၉၊ ဦးအောင်စိုးဌေး အမည်ပါ မြေချပါမစ်အပါအဝင် ပေအကျယ် (၂၀x၆၀)ပေရှိ နေအိမ်(၁)၊ အဆောင် (၁)ဆောင်၊ မီတာ (၂)လုံး၊ ဂျိုးဖြူရေအပါအဝင် ၎င်းအိမ်ခြံမြေအတွင်းရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုမာလွင် [၁၂/ကတတ(နိုင်) ၀၁၅၂၄၄]ထံမှ (၁၅-၇-၂၀၂၂)ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေး ကတိစာချုပ်အရ ကျွန်မ ဒေါ်နှင်းနှင်းဝေ [၉/မကန(နိုင်) ၁၅၆၇၀၈]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေအရောင်း အဝယ်ကိစ္စအရပ်ရပ်နှင့်ပတ်သက်၍ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်နှင်းနှင်းဝေ**
**[၉/မကန(နိုင်)၁၅၆၇၀၈]**
**ဖုန်း- ၀၉-၉၇၁၀၆၂၁၅၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ဒေါ်အေဇင်စိုးဝင်း (ဘ) ဦးစိုးဝင်း [၉/ကဆန(နိုင်)၁၄၆၁၈၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စု-ဘောဂဝတီ၊ ကွင်း/အကွက်အမှတ်(၁၃/ပေါက်တောအကွက်)၊ ဦးပိုင်အမှတ်(၁၃၆-မွ/၁)ရှိ (၄-၉-၂၀၀၈)မှ (၃-၉-၂၀၃၈)ရက်နေ့အထိ နှစ်(၃၀)ဂရန်ရရှိထားသော ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်တည်ရှိထားသော (၂)ထပ်တိုက်အဆောက်အဦတစ်လုံးနှင့်ပတ်သက်၍ ဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်ခင်လေးလတ် [၉/ကဆန(နိုင်)၀၇၇၆၃၉]မှာ ကွယ်လွန်သွားပြီးဖြစ်၍ ၎င်း၏သမီးဖြစ်သည့် ဒေါ်အေဇင်စိုးဝင်း သိရှိသဘောတူညီ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ဖော်ပြပါ အိမ်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းနှင့် အခြားတစ်နည်းနည်းတို့ဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်လင်းကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၆၀၄/၁၈)**
**အမှတ်(၁၂၈၃)၊ ၄-လွှာ၊ စံပယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၅၃၅၇၂၁၁၊ ၀၉-၉၅၀၄၄၄၅၆**

## မော်တော်ယာဉ်အမှတ်-2R/7757(YGN), LANDROVER DISCOVERY (2015) အဖြူရောင်မော်တော်ယာဉ်အား အရစ်ကျ ဝယ်ယူသူ ဒေါ်နီလာဝင်း [၁၃/သပန(နိုင်)၁၃၄၀၃၅]၊ ယင်းမော်တော်ယာဉ်လက်ဝယ်ရှိသူနှင့် အများသိစေရန် ကြေညာခြင်း

ဒေါ်နီလာဝင်း [၁၃/သပန(နိုင်)၁၃၄၀၃၅]၊ အမှတ်(၃၅-၃၇)၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူသည် (၂၁-၂-၂၀၂၀)ရက်၌ 2R/7757(YGN), LANDROVER DISCOVERY (2015), Chassis No. SALAN2V64FA 773077 အဖြူရောင်မော်တော်ယာဉ်အား GARMANIT SERVICES CO., LTD ထံမှ အတိုးမဲ့အရစ်ကျစနစ်ဖြင့်ဝယ်ယူခဲ့ပြီး လစဉ်ပေးသွင်းရမည့်ငွေများကို ပေးသွင်းရန် ပျက်ကွက်နေပါသဖြင့် ဒေါ်နီလာဝင်းထံ ဆက်သွယ်အကြောင်းကြားခဲ့သော်လည်း တစ်စုံတစ်ရာမျှ လာရောက်တွေ့ဆုံဖြေရှင်းပေးခြင်းမရှိ၊ ပျက်ကွက်မြဲပျက်ကွက်လျက်ရှိနေသည့်အပြင် မော်တော်ယာဉ်ကိုလည်း GARMANIT SERVICES CO., LTD ထံသို့ လာရောက်အပ်နှံခြင်းမပြုပါ။

သို့ဖြစ်ပါ၍ ဒေါ်နီလာဝင်းနှင့်မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမဆိုသော်လည်းကောင်း ဤသတင်းစာကြော်ငြာ ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း GARMANIT SERVICES CO., LTD သို့ လာရောက်ဆက်သွယ်၍ ဖော်ပြပါ မော်တော်ယာဉ်အား ပြန်လည်အပ်နှံပြီး ဖြေရှင်းဆောင်ရွက်ပေးပါရန်နှင့် အဆိုပါရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက မော်တော်ယာဉ်အား GARMANIT SERVICES CO., LTDမှ ပြန်လည်သိမ်းဆည်းမည်ဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**GARMANIT SERVICES CO., LTD၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးလင်းမောင်မောင်သိန်း** | **ဒေါ်မိုးပပကျော်** | **ဒေါ်အိအိအေး** |
| **LL.B,D.I.P.L,** | **LL.B, D.B.L** | **LL.B, WIPO** |
| **D.I.L,E.D.B.M(UK)** | **တရားလွှတ်တော်ရှေ့နေ** | **(Switzerland)** |
| **D.M.A(UK), C.F.S, D.M** | **(စဉ်-၁၇၆၃၀/၂၁)** | **တရားလွှတ်တော်ရှေ့နေ** |
| **အထက်တန်းရှေ့နေ** | **ဖုန်း-၀၉- ၉၇၀၀၃၈၄၆၀** | **(စဉ်-၁၆၈၈၃/၂၀)** |
| **(စဉ်-၅၁၈၇၄/၁၉)** | | **ဖုန်း-၀၉-၄၂၀၁၈၉၇၉၆** |
| **ဖုန်း-၀၉- ၉၆၉၈၆၄၁၈၄** | | |

**အမှတ်(၂၂)၊ သုခဝတီလမ်း၊ (ခ) ဆူနရံပတ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၉၇၉၀၇၅၇၅၊ ၀၉- ၇၇၀၃၃၈၈၈၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ (၁၅၇)လမ်း၊ အမှတ်(၁၈)၊ (၆)ထပ် ကန်ထရိုက်၏ ပထမထပ်၊ (A)လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (အလျား ၁၄ ပေ x အနံ ၅၀ ပေ)ဟုအမည်တွင်သော နေအိမ်တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဦးလှဝင်း [၁၂/ကတတ(နိုင်)၀၂၂၆၄၂]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ် ဆွေဖြစ်သူ ဒေါ်အေးမို့မို့အောင် [၁၀/မလမ(နိုင်)၂၀၄၄၃၄]က စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ် ကိစ္စအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမို့မို့အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်စိုး (B.A, H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၈၄၃၂)**
**အမှတ်(၁၃၂)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ မလိခ ကွန်ဒို၊ Tower-D,Level-7၊ ဧရိယာ(၈၅၁) စတုရန်းပေ၊ အခန်းအမှတ်(07-02)ရှိ ရေမီးစုံကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ရောက်ထား ရှိသူ ဦးစိုင်းနော်ခမ်း [၁၂/ဒဂရ(နိုင်)၀၀၂၆၆၂]နှင့် ဒေါ်ကေသီ [၁၂/ဥကတ(နိုင်)၀၂၆၉၂၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ခိုင်မျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၆၁)**
**အမှတ်(၂၃၁)၊ အင်းဝ(၃)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၁၇၉၈၁၁၆၊ ၀၉- ၄၅၀၀၂၆၈၅၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်မာဃ လမ်း၊ မြေကွက်အမှတ်(၂၉၁/ခ)၊ ဧရိယာ (၂၀X၆၀)ပေရှိ ဒေါ်ခင်မိမိနိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောကြားသူ (၁) ဦးအာကာစိုးနိုင် [၁၂/သဃက(နိုင်) ၁၆၇၀၉၆]၊ (၂) ဦးအောင်မြင့်မြတ် [၁၂/သဃက(နိုင်)၁၇၉၃၂၈]၊ (၃) ဒေါ်ခင်စန္ဒာမြင့် [၁၂/သဃက(နိုင်)၁၇၉၃၃၀]၊ (၄) ဒေါ်မေသဇင်ခန့် [၁၂/သဃက(နိုင်)၂၀၈၂၃၇]တို့၏ ကျွန်ုပ်တို့ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်သက် (LL.B)** | **ဒေါ်ဆွေဇင်မိုး(LL.B)** |
| **စဉ်-၉၂၇၈** | **စဉ်-၉၃၀၀** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ရုံး - အမှတ်(၉/၁၁)၊ (ပထမထပ်)၊ အခန်း(၁၀၃-H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ် - တိုက်-၂၄၁/၁၊ သပြေညိုလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉- ၄၂၀၀၅၁၀၄၃၊ ၀၉- ၄၄၃၁၁၂၉၁၄**

## အများသိစေရန်ကြေညာခြင်း

ထားဝယ်မြို့၊ ဝဲကျွန်းထိန်ဟောင်းရပ်၊ ဆင်ဆိပ်ရပ်ကွက်၊ ရေးလမ်း (ယခင်ဆင်ဆိပ်လမ်း)၊ အကွက်အမှတ်(၈)၊ ထိန်ဟောင်းအကွက်၊ ဦးပိုင် အမှတ်(၂)၊ ခြံအမှတ်(၅၄)ရှိ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဌေး [၆/ထဝန(နိုင်)၀၁၇၆၃၈]၊ ဦးမျိုးမောင် [၆/ထဝန(နိုင်) ၀၆၂၇၉၁]၊ ဦးတင်ထွေး [၆/ထဝန(နိုင်)၀၀၄၁၁၉]၊ ဦးအောင်အောင်ထွေး [၆/ထဝန(နိုင်)၀၈၃၇၀၆]တို့က ပိုင်ဆိုင်မှုအထောက်အထားအခိုင်အမာဖြင့် လက်ဝယ်ပိုင်ဆိုင်ကြပြီး ယခုအခါ ပိုင်ရှင်များ၏ခွင့်ပြုချက်မရှိဘဲ မသက်ဆိုင် သူများမှ ကျူးကျော်လျက်ရှိသဖြင့် ယနေ့သတင်းစာကြေညာပါသည့် ရက်မှ (၇)ရက်အတွင်း ဖယ်ရှားရှင်းလင်းပေးပါရန်နှင့် လိုက်နာရန်ပျက်ကွက် ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း ကျူးကျော်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာငွေခိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၅၁၉)**
**CHOEGO LAW & ACCOUNTING FIRM**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09- 403671020, 09- 964437911**

**ကနောင်မင်းသား**
**အိမ်ခြံမြေရောင်းဝယ်ရေး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရှိ မြေကွက်များ အထူးဈေးကောင်းပေး ဝယ်ပါသည်။**
**Ph : 09 5086108**
**09 5034313**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၅၆/က၊ ဧရိယာ ပေ(၂၀x၆၀)၊ မြေကွက်တည်နေရာအမှတ်-၅၆/က၊ တပင်ရွှေထီးလမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးစိန်တိုး (SKM-၀၁၂၂၉၄) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိန်တိုး(SKM-၀၁၂၂၉၄)ထံမှ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်ခင်ဝင်း [၁၁/ရဗန(နိုင်)၀၀၃၄၈၆]မှ ပါမစ်မူရင်းတွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတွင် တင်ပြနိုင်ခြင်းမရှိဘဲ မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့တင်ပြ၍ ပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ လူနေရပ်ကွက်အမှတ်-ဒက္ခိဏသီရိရပ်ကွက်၊ မြေဧရိယာ (၀.၁၄၄)ဧကရှိ မြေကွက်အမှတ် (ဒ-၃၀၄၆၈) ၏ နှစ်(၃၀)မြေငှားစာချုပ် စာအုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ် မိတ္တူမှန်ထုတ်ပေးပါရန် မြေကွက်အမည်ပေါက်ဖြစ်သူ ဒေါ်အားမီ (ဘ) ဦးအိုက်အေး [၁၃/တခလ(နိုင်)၀၅၄၇၂၂]ထံမှ ပျဉ်းမနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ (၁၄၄/၂၀၂၂) (၂၄-၃-၂၀၂၂) ရရှိထားသူ ဦးဘုန်းနိုင်ဝင်း (ဘ) ဦးဝင်းမောင် [၉/မထလ(နိုင်)၂၅၉၉၇၂] က လျှောက်ထားလာမှုအား ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါ၍ မူလကထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ် အမှတ်၊ ဒက္ခိဏသီရိ/သစ်-၂၁၉/၂၀၁၃-၂၀၁၄၊ ဒေါ်အားမီ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်စာအုပ် မူရင်းကို မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိ တောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၀၅၀)၊ မြေဧရိယာ (၀.၁၅၇)ဧကရှိ ဒေါ်မို့မို့စိုးအောင် (ဘ) ဦးစိုးအောင် [၉/မခန(နိုင်)၁၆၂၀၃၅] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်မို့မို့စိုးအောင်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၈၀၂/၂၀၂၁)၊ (၂၈-၁၀-၂၀၂၁) ရရှိထားသူ ဒေါ်ယုယုဝင်း (ဘ) ဦးအောင်စိုးဝင်း [၁၂/လမန(နိုင်) ၁၂၂၄၆၆]မှ ဒေါ်ဆွေဆွေမြင့် (ဘ) ဦးအုန်းဖေ [၁၂/မဂဒ(နိုင်)၀၀၆၉၇၄]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သာကေတမြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

| | | |
|---|---|---|
| ဒေါ်လှိုင်လှိုင်ဖြူ | နှင့် | ဦးကျောက်နီ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေ အရှေ့(၁)လမ်း၊ အမှတ်(၁၉၆/က)နေ တရားပြိုင် ဦးကျောက်နီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှိုင်လှိုင်ဖြူက "(၃-၆-၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူ မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"အရ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၁၂ အရမြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဖြူဝင်း)**
**မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြု လိုင်စင်ရ ကန်ထရိုက်တာ ဦးခွန်နောင်မြင့်ဝေ (LC-၈၀၁)[၁၂/အစန(နိုင်) ၀၂၀၄၇၅]သည် ကန်ထရိုက်တာ လိုင်စင်အာမခံကြေး သန်း(၅၀)ထုတ်ယူခွင့် ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကော်မတီမှ ထုတ်ပေးထားသည့် ကန်ထရိုက်တာ လိုင်စင်စာအုပ်နှင့် ခံဝန်ချုပ်စာအုပ်တို့အား ပြန်လည်အပ်နှံနိုင်ခြင်းမရှိသဖြင့် အဆိုပါအာမခံကြေးအား ထုတ်ယူခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆/B)၊ မြေကွက်အမှတ် (၁၄ D/၁က-၃)၊ လူနေရပ်ကွက်အမှတ်(-)၊ ဧရိယာ(၀.၀၆၃)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ (၉)ရပ်ကွက်၊ အမှတ် (102/D-3) အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းမြေစီမံခန့်ခွဲမှုဌာန၊ မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ငြိမ်းအေး (ဘ) ဦးစိုးတင့် [၁၂/မဂတ(နိုင်)၀၃၀၁၅၃] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ဒေါ်ငြိမ်းအေးထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါသဖြင့် နှစ်ဦးသဘောတူ စရန်ငွေပေးကတိစာချုပ်ဖြင့် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုထွန်း(LL.B, LL.M, MRes)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၅၂)**
**အမှတ်(၅၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၆၂၉၉၇၊ ၀၉-၄၀၅၉၀၈၈၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၃၄၊ လူနေရပ်ကွက် အမှတ်-၁၀၊ ကွမ်းခြံကုန်းလမ်းနှင့် တွံတေးလမ်းထောင့်၊ အမှတ်-၄၉၇(က)၊ ဦးမြသိန်း အမည်ပေါက် မြေချပါမစ် ထွက်ရှိထားသောအကျယ် ပေ(၂၀x၆၀) ရှိ မြေကွက်ကို အရပ်ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းသူ [၇/ကတခ(နိုင်)၀၀၀၇၉၆]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ် စောဂေါ်ဒွိဝေလာ [၁၂/လမန(နိုင်)၁၃၄၄၈၈]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စောဂေါ်ဒွိဝေလာ**
**၁၀၁၄၊ သရဖီ (၂)လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၇၂၄၄၂၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၇၀)၊ ပထမထပ်၊ မှန်ခန်းနှင့် တိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူကာ လက်ဝယ်ပိုင်ဆိုင်လျက်ရှိသူ ဦးကျော်ကျော်ဝင်း [၁၂/မဂဒ(နိုင်)၀၂၉၆၂၄] (ကိုယ်စား) ဇနီး ဒေါ်ခင်မျိုးသန်းမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းဇော် [၁၂/မဂဒ(နိုင်)၁၀၆၉၂၉]၊ ဒေါ်နှင်းနှင်းခိုင် [၁၂/ဥကတ(နိုင်) ၀၃၁၀၅၄]တို့က ဝယ်ယူပြီး တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့စ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝင်းဇော်** | **ဦးသက်ထူး** |
| **[၁၂/မဂဒ(နိုင်)၁၀၆၉၂၉]** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်နှင်းနှင်းခိုင်** | **စဉ်-၆၃၇၄/၉၄** |
| **[၁၂/ဥကတ(နိုင်)၀၃၁၀၅၄]** | **ဖုန်း-၀၉-၄၂၄၅၄၂၅၀** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ တို့တပ်မတော်သားတွေ အမြဲတမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ပဲ ဖြစ်တယ်။ အမျိုးသားရေးဆိုတာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ တို့ကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုတယ်။ နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေနဲ့ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမှာဖြစ်တယ်။ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာမှာ ပြည်သူပြည်သားများနဲ့အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်) ၂၂-၁၂-၂၀၂၁


**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၅၇၆၂ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ** စာမျက်နှာ » ၁၂

**ဖိလစ်ပိုင်နိုင်ငံ၌ အင်အားပြင်းငလျင် လှုပ်ခတ်၊ နှစ်ဦး အနည်းဆုံး သေဆုံး** စာမျက်နှာ » ၁၃

**တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ** စာမျက်နှာ » ၂၀


## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

## မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း နှစ်ပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက်



မြန်မာနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇူလိုင် ၂၇

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို ဇူလိုင် ၂၇ ရက်က အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

မြန်မာအသင်းသည် မလေးရှားကို အနိုင်ကစားပြီးနောက် ဒုတိယပွဲတွင် ဖိလစ်ပိုင်အသင်းကို ထပ်မံအနိုင်ယူကာ လက်ကျန်တစ်ပွဲကစားရန် ကျန်သေးသော်လည်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် တစ်ပွဲထက် တစ်ပွဲ ပုံစံကောင်းပြသနိုင်ခဲ့ပြီး အမှတ်ပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ပွဲထွက်လူစာရင်းကို

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✳



## ဝက်စ်ဟမ်းအသင်းက အီတလီတိုက်စစ်မှူး စကာမက်ကာကို ပေါင် ၃၀ ဒသမ ၅ သန်းဖြင့် ခေါ်ယူ

ဝက်စ်ဟမ်းအသင်းဟာ ဆာဆူအိုလိုအသင်းမှ အီတလီတိုက်စစ်မှူး စကာမက်ကာကို ပြောင်းရွှေ့ကြေးပေါင် ၃၀ ဒသမ ၅ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖

## MNL ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ရာနှုန်းပြည့်နိုင်ပွဲဖြင့် ဆက်လက်ဦးဆောင်

ရန်ကုန် ဇူလိုင် ၂၇

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) စတုတ္ထနေ့ကို ဇူလိုင် ၂၇ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❂